# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်း ကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၈၁)


## နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုခြင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ဆွေးနွေးနိုင်

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း ကျယ်ပြန့်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြရန် ဇွန် ၁ ရက်မှ စတင်၍ နိုင်ငံပိုင်သတင်းစာနှင့် ရုပ်သံအစီအစဉ်များမှ တစ်ဆင့် အသိပေးဖိတ်ခေါ်ထားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၄၅ မိနစ်အထိ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ Horizon Lake View Resort တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဇူလိုင် ၁၀ ရက် အထိ တက်ရောက်လိုကြောင်း စာရင်းပေးသွင်း လာသူဦးရေ ၃၀၀ ကျော် ရှိပြီဖြစ်သည်။

Solar Energy Workshop

စာမျက်နှာ ၂ ကော်လံ ၃ ●



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့ဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။

## ဝါစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဝါစိုက်တောင်သူများနှင့် တာဝန်ရှိသူများအနေဖြင့် တစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းအတိုင်း ထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

ပြည်တွင်းဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

## ဥတ္တရသီရိမြို့နယ် ဂွေးပင်ရိုးကျေးရွာ၌ မိုဘိုင်းစခန်းသစ် ဖွင့်လှစ်



နေပြည်တော် ဇူလိုင် ၁၂

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဂွေးပင်ရိုးကျေးရွာ မိုဘိုင်းစခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဂွေးပင်ရိုးကျေးရွာ မိုဘိုင်းစခန်းရှေ့၌ ကျင်းပသည်။ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် မိုဘိုင်းစခန်းအသစ် ၂၇ ခု တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် မိုဘိုင်းစခန်း ကိုးခု 4G LTE စနစ်

စာမျက်နှာ ၇ ကော်လံ ၃ ❑

## ယနေ့ ဖတ်စရာ

**ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော အလုပ်အကိုင်ဈေးကွက်အတွက် စိုက်ပျိုးမွေးမြူရေးဘွဲ့ရများကို ပြန်လည်ပညာသင်ကြားပေးခြင်း**

ဆောင်းပါး ➤ ၈

**တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ ကမ္ဘာရေးရာ**

သတင်းများ ➤ ၁၂

**မိုးရာသီကာလအတွင်း ဇော်ဘာစိုက်ခင်းပြုစုထိန်းသိမ်းခြင်းနှင့် မိုးကာအုပ်အစေးခြစ်ခြင်း**

ဆောင်းပါး ➤ ၁၆

**ယနေ့ မိုးလေဝသ** (၁၃-၇-၂၀၂၆)

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**


မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၂** – ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ



အားကောင်းလာနိုင်ခြင်းကြောင့်ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## ဇေယျာသီရိမြို့နယ်၌ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် ဇူလိုင် ၁၂

နေပြည်တော် တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့က ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာဘက်စုံသုံးခန်းမ၌ သစ်တပ်ကျေးရွာ အုပ်စုအတွင်းမှ ပြည်သူများနှင့် အနီးနားရှိ ကျေးရွာများမှ ပြည်သူများအား ယနေ့ နံနက်ပိုင်းက နေပြည်တော် တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးလှမော်၊ လေငန်းရောဂါနှင့် အထွေထွေရောဂါကုသမားတော်များ၊ တိုင်းရင်းဆေး ဆရာ ဆရာမများနှင့် တိုင်းရင်းဆေးတက္ကသိုလ်



မှ အလုပ်သင်ဆရာ ဆရာမများက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ဇေယျာသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင့်တင့်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

မြို့နယ်(ပြန်/ဆက်)

❒ **အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရေးကိုသာမက နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ဈေးကွက်ဝင် အရောင်အဆင်း၊ အနံ့အရသာနှင့် အရွယ်အစားများ ပြည့်မီသည့် သီးနှံများဖြစ်စေရေးတို့ကိုပါ သုတေသနပြု စိုက်ပျိုးထုတ်လုပ်**

❒ **မိမိတို့နိုင်ငံမှ ထွက်ရှိသော နိုင်ငံတကာဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကိုလည်း တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ပြည်တွင်း၌သာ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး စမ်းသပ် သုတေသနပြု ဆောင်ရွက်**

❖ *ရှေ့ဖုံးမှ*

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီ ထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူ အစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူ အစုအဖွဲ့တို့မှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ဝါလုပ်ငန်းနှင့် ပတ်သက်၍ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့” ဟူသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်၍ အတွေ့အကြုံများကို ဖလှယ်သွားကြမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ ဝါစိုက်ပျိုးမှု၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှချည်မျှင်ကို ထုတ်လုပ်ကြခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ဆောင်ရွက်ချိန်တွင် ဝါစိုက်တောင်သူများ မပါဝင်သဖြင့် ယခုကဲ့သို့ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါစိုက်ပျိုးမှု များပြားသည့်အတွက် မကွေးမြို့တွင် ကျင်းပပြုလုပ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးမွေးမြူရေး လုပ်ငန်းပင်ဖြစ်ပြီး ဆန်စပါးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကာ အခြားသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် လိုအပ်ချက်ဖြစ်နေသည့် စားနပ်ရိက္ခာနှင့် အဝတ်အထည်များကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်သော ရေခံမြေခံကောင်းသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရေမြေအနေအထားအရ စိုက်ပျိုးမွေးမြူရေးကို ကိုယ်တိုင်ဆောင်ရွက်သည့်နိုင်ငံများ ရှိသကဲ့သို့ မဆောင်ရွက်နိုင်သည့် နိုင်ငံများလည်းရှိကြကြောင်း၊ စက်မှုနည်းပညာပိုင်း ဆိုင်ရာများကို အဓိကဆောင်ရွက်ကြသည့် နိုင်ငံများ လည်းရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့် သီးနှံများနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပြီး ယခင်က စိုက်ပျိုးရေး ထွက်ကုန်များကို တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းမပြုဘဲ ကုန်ကြမ်းအနေဖြင့်သာ တင်ပို့ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် Agro-based Industries ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး စက်ရုံများ လည်ပတ်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ရင်းနီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမြင့်တက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ တိုးတက်မှုစံနှုန်းကို GDP ဖြင့် တိုင်းတာကြပြီး လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိကြောင်း၊ ကဏ္ဍကြီး သုံးခုအနေဖြင့်တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်လျက်ရှိပြီး အားလုံးတိုးတက်မှသာလျှင် GDP သည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ထိုအထဲတွင် ဝါစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းသည်လည်း အရေးကြီးသည့် ကဏ္ဍမှပါဝင်သည်ကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ စိစစ်ကြည့်ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ဧက ရှစ်သိန်းကျော်ခန့်ရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် လေးသိန်းခန့်သာရှိခဲ့ကြောင်း၊ နှစ်အလိုက် ဝါစိုက်ပျိုးမှုများ၊ ဝါစိုက်ဧကများ လျော့နည်း ကျဆင်းလာခဲ့သည်ကိုတွေ့ရှိရကြောင်း၊ လူတို့၏ ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်နှင့်ချည်ထည်များ၊ ဝါစေ့မှ ဆီနှင့် တိရစ္ဆာန်အစာအဖြစ် ပြုလုပ်နိုင်သည့် ဝါစေ့ကြိတ်ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ် အကျိုးရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခင်က ချည်မျှင်ရှည်ဝါ ထွက်ရှိသည်ဟု ဆိုသော်လည်း အဆင့်မီရန် လိုအပ်နေဆဲဖြစ်သဖြင့် ပြည်ပနိုင်ငံများမှ အဆင့်မီ ဝါမျိုးများကို တင်သွင်းစိုက်ပျိုးခဲ့ကြရကြောင်း၊ ဝါအရည်အသွေးကောင်းမွန်မှ ချည်အရည်အသွေးကောင်းမွန်မည်ဖြစ်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ဝါများ ရရှိရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအချက်လေးချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးရပ်နှင့် ပြည့်စုံရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့် မျိုးများ ရရှိအောင်ဆောင်ရွက်ရမည်၊ မြေကောင်းမွန်မှုရှိစေရေး စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် အမြဲသုတေသနပြုစိုက်ပျိုးရမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးရေးအတွက်လိုအပ်သည့်စိုက်ပျိုးရေနှင့်အောင်ရေများကို နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင် စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားများ ရှားပါးလာခြင်းကြောင့် မျိုးစေ့ချကိရိယာ Feed Seeder များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်နည်းစနစ်များ ကောင်းမွန်လာမည် ဆိုပါက အထွက်နှုန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးရာတွင် သတ်မှတ်ထားသည့် ပင်ကြား၊ တန်းကြား မှန်ကန်စွာစိုက်ပျိုးမှသာ အထွက်နှုန်းကောင်းမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်တာဝန်ယူခဲ့ရပြီးနောက်ပိုင်းတွင် ဝါစိုက်ပျိုးမှုများအား အားပေးဆောင်ရွက်ခဲ့ပြီး ဝါစိုက်ပျိုးမှုတွင် တစ်နိုင်ငံလုံးပျမ်းမျှ အထွက်နှုန်းအနေဖြင့် ၂၀၂၁ - ၂၀၂၂ ခုနှစ်တွင် စိုက်ဧက ၃ ဒသမ ၉ သိန်းကျော်၌ တစ်ဧကအထွက်နှုန်း ၄၃၆ ပိဿာရှိကြောင်း၊ ၂၀၂၅ - ၂၀၂၆ ခုနှစ်စိုက်ပျိုးရာသီတွင် ဝါစိုက်ပျိုးဧက ၅ ဒသမ ၄ သိန်းကျော်ရှိပြီး တစ်ဧက အထွက်နှုန်း ၄၉၉ ဒသမ ၂ ရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝါထွက်ရှိမှုမှာ ပိဿာချိန်ပေါင်း ၂၇၄၃ သိန်းကျော်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဝါလိုအပ်ချက်နှင့် နှိုင်းယှဉ်တွက်ချက်ကြည့်မည်ဆိုပါက များစွာပိုလျှံထွက်ရှိသည်ကို တွေ့ရကြောင်း။

လက်ရှိ ကမ္ဘာတွင်ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး မိမိတို့နိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း ပိဿာ ၇၀၀ ရရှိအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုလျှံထွက်ရှိသည့် ဝါဂွမ်းများရောင်းချရရှိငွေမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့်ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသည့်သူများအနေဖြင့်လည်း နိုင်ငံတော်အတွက် အကျိုးဖြစ်စေမည့် လက်တွေ့ကျသည့် ဆွေးနွေးမှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကာလအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုး ထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ကြသူများနှင့် နိုင်ငံတော်အတွက် များစွာ အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုကိုအခြေခံ၍ Agro-based Industries အဖြစ် ဆောင်ရွက်သွားရန်လိုပြီး ယခုကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲကို မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှု အနာဂတ်အခန်းကဏ္ဍတွင် အမှန်တကယ် အကျိုးရှိသည့် ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် ဝါနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်ဆွေးနွေး ဆောင်ရွက်သွားကြရန်လိုပြီး ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် တာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုနှင့် ပတ်သက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အနေဖြင့် အလေးထားဆောင်ရွက်ရန်နှင့် ဝါစိုက်ပျိုးတောင်သူများနှင့် တာဝန်ရှိသူများကလည်း တစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်း ထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး မေးမြန်းဆွေးနွေး ပြောကြားသည်။

**ဒေသသုတေသနဇဟိုဌာန (မကွေး)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇဟိုဌာန (မကွေး) သို့ ရောက်ရှိပြီး ဌာနမှ ထုတ်လုပ်ထားရှိသည့် စပါး၊ မြေပဲ၊ ပဲတီစိမ်း၊ ဝါ၊ နှမ်း၊ နေကြာ မျိုးစေ့များနှင့် နည်းပညာမြင့် Organic မြေဩဇာနှင့် သဘာဝပိုးသတ်ဆေးရည် စမ်းသပ်ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ Nano Technology For Seed Treatment အခန်းအတွင်း အရည်အသွေး ပြည့်မီသည့် မျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် Cold Plasma စက်များ၊ UV စက်၊ သီးနှံအခြောက်ခံစက်များဖြင့် သုတေသနပြု စမ်းသပ်ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်မီသည့် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရေးကိုသာမက နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ဈေးကွက်ဝင် အရောင်အဆင်း၊ အနံ့အရသာနှင့် အရွယ်အစားများ ပြည့်မီသည့်သီးနှံများဖြစ်စေရေးတို့ကိုပါ သုတေသနပြုစိုက်ပျိုး ထုတ်လုပ်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသော နိုင်ငံတကာ ဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကိုလည်း တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ပြည်တွင်း၌သာ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး စမ်းသပ်သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည်ဒေသသုတေသနဇဟိုဌာန (မကွေး)ရှိ သုတေသန စိုက်ကွက်များအတွင်း သီးနှံများသုတေသနပြု စိုက်ပျိုးထားရှိမှုနှင့် သုတေသနခြံမှ စမ်းသပ်စိုက်ပျိုးထုတ်လုပ်ထားသည့် ပဲတီစိမ်း၊ နှမ်းနှင့် မြေပဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇဟိုဌာန (မကွေး) မှ ထုတ်လုပ်ထားရှိသည့် မြေပဲမျိုးစေ့များအား ကြည့်ရှုစစ်ဆေးစဉ်။

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မင်းဘူးမြို့မှ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား မင်းဘူးမြို့သာသနာ့ဗိမာန်တော်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့မှ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မင်းဘူးမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များနှင့်ပတ်သက်၍ အမှာစကား ပြောကြားရာတွင် မင်းဘူးမြို့သည် ယခင်က မြစ်ကူးတံတားမရှိသဖြင့် သွားလာရေး ခက်ခဲခဲ့ပြီး ဧရာဝတီ မြစ်ကူးတံတားကြီး ဖွင့်လှစ်ပြီး နောက်ပိုင်းတွင် မကွေးမြို့နှင့် တစ်ဆက်တည်းဖြစ်ခဲ့ကာ ဖွံ့ဖြိုး တိုးတက်သည့် မြို့တစ်မြို့ဖြစ်လာ ခဲ့ကြောင်း၊ မင်းဘူးမြို့သည် ဧရာဝတီမြစ် အနောက်ဘက် ခြမ်းတွင် နောင်တော်မြို့တစ်မြို့ ကဲ့သို့ဖြစ်နေပြီး နီးစပ်ရာမြို့များ အနေဖြင့် မင်းဘူးမြို့ကို အားကိုး နေရကြောင်း၊ အချက်အချာကျ သည့် မြို့တစ်မြို့ဖြစ်သည့်အတွက် ခရိုင်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက် ရေးတွင် စံပြဖြစ်အောင် ဆောင် ရွက်သွားကြရန် လိုကြောင်း၊ မင်းဘူးမြို့သည် ပညာရေး အားကောင်းသည့် မြို့တစ်မြို့ဖြစ် ပြီး ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင်လည်း နိုင်ငံတော် အဆင့် အောင်မြင်မှုရရှိသူများ အများအပြား ထွက်ပေါ်ခဲ့ကြောင်း၊ ပညာရေးတွင် "အစကောင်းမှ အနှောင်းသေချာမည်" ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာ တာဝန် ရှိသူများအနေဖြင့် အခြေခံမှစ၍ ကောင်းမွန်အောင် ဆောင်ရွက် ပေးသွားကြရန်လိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ် အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပညာရေးကိုအားပေးမြှင့်တင်ရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ပညာရေး အားနည်းမှုများကြောင့် လူတစ်ဦး ချင်းစီ၏ လူမှုစီးပွားဘဝများ နိမ့်ကျစေနိုင်သကဲ့သို့ နိုင်ငံတော် အတွက်လည်း များစွာနစ်နာ စေနိုင်ကြောင်း၊ အတန်းပညာရှိမှ သာလျှင် အတတ်ပညာများ ရရှိ နိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်း အားဖြင့် ဗဟုသုတနှင့်ရသများကို ရရှိစေနိုင်မည်ဖြစ်ပြီး အသိအမြင် နှင့်စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန် ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းများ လည်း မြင့်မားလာစေမည်ဖြစ် ကြောင်း၊ အတန်းပညာအားဖြင့် အားနည်းရုံသာမက စာဖတ်ခြင်း သည်လည်း အားနည်းမည်ဆို ပါက ဘဝရှင်သန်ရပ်တည်မှုတွင် ခက်ခဲစွာ ရုန်းကန်နေရမည်ဖြစ် ကြောင်း၊ သို့ဖြစ်၍ မိမိတို့အစိုးရ အနေဖြင့် ကျောင်းပညာရေးအား အဓိကပံ့ပိုး အားပေးဆောင်ရွက် လျက်ရှိသည့်အပြင် စာဖတ်ရှိန် မြှင့်တင်ရေး လှုပ်ရှားမှုများကို လည်း အားဖြည့်ဆောင်ရွက်ပေး လျက်ရှိကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမို ကရေစီအထွေထွေ ရွေးကောက်ပွဲ တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှု ဖြစ်စဉ်များကြောင့် နိုင်ငံရေးဖြစ် ပေါ်ပြောင်းလဲမှုတွင် လူငယ်လူ ရွယ်အများအပြား လက်နက်ကိုင် အကြမ်းဖက်သည့် လမ်းစဉ်သို့ ရောက်ရှိခဲ့ကြသည်ကို စိတ်မ ကောင်းဖွယ်ရာ တွေ့မြင်ရ ကြောင်း၊ ထိုသို့ဖြစ်ပေါ် လာရခြင်း မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့မှ ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

ရေးကိုမလိုလားသည့် အဖွဲ့ အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ ဆွဲဆောင်စည်းရုံးခြင်း၊ သွေးထိုး လှုံ့ဆော်ခြင်းတို့ကို အကောင်း အဆိုး၊ အကြောင်းအကျိုး စဉ်းစား ဆင်ခြင်နိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်း အားနည်းမှုများကြောင့်ပင် ဖြစ် ကြောင်း၊ အဓိကမှာ အတန်းပညာ ပိုင်းဆိုင်ရာအားနည်းမှုနှင့် စာပေ အသိအမြင်ပိုင်းဆိုင်ရာ အားနည်း မှုတို့ကြောင့်ပင်ဖြစ်ကြောင်း၊ မိမိ တို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်း ဆိုင်ရာများကို သင်ခန်းစာယူ၍ ပြုပြင်ဆောင်ရွက်သွားကြရမည် ဖြစ်ပြီး ပညာရေးမြှင့်တင်မှုကို မဖြစ်မနေ ဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း။

ယခုအခါ မိမိတို့အစိုးရ အနေဖြင့် ပြည်သူလူထု၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးမွေးမြူရေးကုန် ထုတ်လုပ်ငန်းများကို အခြေခံ၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင် ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများ အနေဖြင့် အတန်းပညာနှင့် အတတ်ပညာများရှိပြီး မိမိခြေ ထောက်အပေါ် မိမိရပ်တည်နိုင် အောင် ကြိုးပမ်းဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ မင်းဘူးမြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး စသည့်မြို့ပြ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ တစ်ဦးချင်းစီ ဝင်ငွေကောင်းမွန်ရန် လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်း များ ကောင်းမွန်အောင်ဆောင်ရွက် နိုင်ရေးအတွက်လည်း စီမံပေးကြ ရမည်ဖြစ်ကြောင်း။

မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးတို့တွင် ဝါစိုက်ပျိုးဖြစ် ထွန်းကြောင်း၊ "ဝါစိုက်ပျိုးမှု မှသည် အထည်အလိပ်စက်မှု လုပ်ငန်းဆီသို့" ဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက် တွင် စတင်ကျင်းပ ပြုလုပ်ခဲ့ပြီး ယနေ့တွင် မိမိ အနေဖြင့် သွားရောက်အမှာစကား ပြောကြားခဲ့ကြောင်း၊ မကွေးတိုင်း ဒေသကြီးတွင် ဝါကိုများစွာစိုက် ပျိုးကြကြောင်း၊ ဝါစိုက်ပျိုးမှုကို ပန်းတိုင် ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ပြီး ဝါဂွမ်း၊ ချည်နှင့် ချည်ထည်များ အဖြစ် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ဝါစေ့မှ ဝါစေ့ဆီကို ထုတ်လုပ် ပြီး တိရစ္ဆာန်အစာများအဖြစ် အသုံးပြုနိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ဒေသ တွင်နေထိုင်သူများက ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

အလားတူ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည့် မွေးမြူ ရေးလုပ်ငန်းများကိုလည်း ဆောင် ရွက်သွားကြရန်နှင့် သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေး ပညာရပ်များ အလိုက် အမြဲမပြတ် လေ့လာနေ ကြရန်လိုကြောင်း၊ ဒေသတွင်းရှိ လူအများစု ပညာတတ်များ ဖြစ်မှသာ ဒေသဖွံ့ဖြိုးတိုးတက်မှု ကို အထောက်အကူပြုမည်ဖြစ် ကြောင်း။

မြို့ပြ တည်ဆောက်ရေးနှင့် ပတ်သက်၍ လူနေမှုစနစ်များ မြှင့်တင်နိုင်ရေး စဉ်းစားဆောင် ရွက်သွားရန်လိုကြောင်း၊ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ဒေသတွင်းနေထိုင်သူ များကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ပြီး ဘက်စုံထူးချွန်သည့် ကလေးငယ်များ ဖြစ်စေရေး၊ ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍများ မြှင့်တင်ရေးအတွက် လည်း ရပ်မိရပ်ဖများအနေဖြင့် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက် သွားကြရန်လိုကြောင်း ပြောကြား သည်။

ထို့နောက် နိုင်ငံတော်သမ္မတ က မင်းဘူးမြို့မှ ဒေသခံပြည်သူ များအတွက် စာအုပ်စာစောင်များ ကို ပေးအပ်လှူဒါန်းရာ မြို့မိမြို့ဖ တစ်ဦးက လက်ခံရယူသည်။

ယင်းနောက်တက်ရောက်လာ ကြသည့် မင်းဘူးမြို့ မြို့မိမြို့ဖ များက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြကြရာတွင် နိုင်ငံတော် သမ္မတကြီးအနေဖြင့် မင်းဘူး မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ပေးခဲ့သည်များကို ဒေသခံများအနေဖြင့် ကျေးဇူးတင် လျက်ရှိမှု၊ မင်းဘူးမြို့ ကမ်းနား လမ်းတစ်လျှောက် မြေနိမ့်ပိုင်း များ၌ ဧရာဝတီမြစ်ရေတက်ချိန် တွင် မြစ်ရေဝင်ရောက်မှုမရှိစေရေး အတွက် ရေထိန်းတာပေါင် နံရံ ဆောင်ရွက်ပေးစေလိုမှုနှင့် ကမ်းနားလမ်းအား အဆင့်မြှင့် တင် ဆောင်ရွက်ပေးစေလိုမှု၊ မင်းဘူး(စကု)မြို့နယ် ရွာသာယာ ကျေးရွာရှိ တိုက်နယ်ဆေးရုံ(၁၆) ခုတင်ဆံ့အား အဆောက်အအုံသစ် ခွင့်ပြုပေးစေလိုမှု၊ စကုမြို့အခြေခံ ပညာ အထက်တန်းကျောင်းရှိ စက်မှု၊ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းသို့ ရပ်ဝေးမှ လာရောက် တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများ အတွက် အဆောင်ခွင့်ပြုပေးစေ လိုမှု၊ မင်းဘူး(စကု)မြို့နယ် ဒေသ အတွက် လိုအပ်လျက်ရှိသည့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လိုမှု၊ ကျောက်တန်း ကျေးရွာရှိ စည်ပင်သာယာရေး အဖွဲ့၊ ရေပေးဝေခြင်းလုပ်ငန်းအား လျှပ်စစ် ဓာတ်အားအသုံးပြုခြင်း အစား ဆိုလာစနစ်ဖြင့် ဆောင်ရွက် နိုင်ရေး ခွင့်ပြုပေးစေလိုမှု၊ မင်းဘူး မြို့ အမှတ် (၁) ရပ်ကွက်ရှိ သနပ်ခါးတော မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ပေးစေလိုမှုနှင့် အခြားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ် ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံ တော်သမ္မတက လိုအပ်သည်များ ပြန်လည်လမ်းညွှန် မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ တွင် ရာသီဥတုပူပြင်းလာမှုကို မိမိတို့အနေဖြင့် ရှောင်လွှဲ၍ရနိုင် မည်မဟုတ်သော်လည်း သစ်ပင် သစ်တောများ နှစ်စဉ်တိုးချဲ့ စိုက်ပျိုးခြင်းအားဖြင့် မြို့ရွာများ တွင်နေထိုင်ကြသူများ ရာသီဥတု ဒဏ်ခံနိုင်ခြင်းနှင့် အေးမြသည့် အရိပ်အာဝါသကိုခံစားနိုင်မည်ဖြစ် ကြောင်း၊ ယခင်က သစ်ပင်များ စိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့အနေ ဖြင့် အရိပ်အာဝါသကို ခံစားနေ

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်သို့တက်ရောက်၍ စိန်ပန်းပြာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)၌ ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ စိန်ပန်းပြာပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့်ကျင်းပ

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို မိုးရာသီအစတွင် နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပွဲများကျင်းပရသည်မှာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟာစနစ်ကောင်းမွန်မျှတစေရေးနှင့် သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး စသည့်ရည်ရွယ်ချက်ကောင်းများနှင့် ကျင်းပဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်သူများအကြား သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့်စိတ်ဓာတ် ဖြစ်ပေါ်လာပြီး သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများက တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေး နိုင်ငံတော်က ဦးဆောင်ပြီး ယခုကဲ့သို့ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် လူသားများအပါအဝင် သက်ရှိအားလုံးရှင်သန်ရပ်တည်နိုင်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် နိုင်ငံနှင့်အဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မိုးရာသီသစ်ပင်စိုက်ပွဲတော်များကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လ ၁၃ ရက်တွင် နေပြည်တော်၌ကျင်းပခဲ့ပြီး အပင်ပေါင်း ၃၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်အသီးသီး၌လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပခဲ့ရာ သစ်ပင်စိုက်ပွဲ ၁၁၁ နေရာ၊ အပင်ပေါင်း ၈၀၅၂၀ ကို ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဇွန်လ ၂၅ ရက်တွင်လည်း နိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်၌ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး သစ်မျိုး ၁၄ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ယခု နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲကို ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဧရိယာအတွင်း မေမြို့ထင်းကြိုးဝိုင်းအကွက်အမှတ် (၂)အတွင်း ကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး မဟော်ဂနီ၊ ချယ်ရီ၊ ဆီသပြေ၊ ပျဉ်းကတိုး၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခရေ၊ ခါတော်မီ သစ်မျိုး ရှစ်မျိုး၊ အပင် ၃၀၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိန်ပန်းပြာပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

- **သစ်ပင်များသည် သက်ရှိများဖြစ်သည့်အတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက်လုပ်ဆောင်မှသာ စိုက်ပျိုးပြီး အပင်များ ရာနှုန်းပြည့်ရှင်သန်ကြီးထွားအောင်မြင်နိုင်မည်**
- **ယခုစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ပြင်ဦးလွင်တွင်နေထိုင်ကြသည့် ပြည်သူများအတွက် ကောင်းမွန်သည့်အနာဂတ်ကိုရည်ရွယ်ပြီး စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်၍ တာဝန်ရှိသစ်တောဝန်ထမ်းများနှင့်အတူ ပြည်သူလူထုက ပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်**

### စတင်စိုက်ပျိုးဆောင်ရွက်နေ

ဤဒေသ၏ အေးမြသည့်ရာသီဥတုအပါအဝင် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော၊ သန့်ရှင်းကောင်းမွန်သော စံနမူနာထားရသည့်မြို့ပြတစ်ခုအဖြစ် ပြင်ဦးလွင်မြို့ကို နောင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ယခုနှစ်ကစပြီး ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းကို ပြင်ဦးလွင်မြို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် သစ်တောစိုက်ခင်းများ ထုနှင့်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၂၀၀၀ ကို စိုက်ကွက် ၁၅ ကွက်၊ သစ်မျိုး ၁၉ မျိုး၊ ပျိုးပင်ပေါင်း ၄၀၀၀၀၀ ဖြင့် စတင်စိုက်ပျိုးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

စိုက်ပျိုးပြီးအပင်များ ရှင်သန်အောင်မြင်စေရေးအတွက် သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆောင်ရွက်သွားကြရန်၊ လူနှင့်တိရစ္ဆာန်တို့ ဖျက်ဆီးခြင်းမခံရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိဝန်ထမ်းများကိုမှာကြားလိုကြောင်း၊ သစ်ပင်များသည် သက်ရှိများဖြစ်သည့်အတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက်လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့်ရှင်သန်ကြီးထွား အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ပြင်ဦးလွင်တွင်နေထိုင်ကြသည့် ပြည်သူများအတွက် ကောင်းမွန်သည့်အနာဂတ်ကိုရည်ရွယ်ပြီး စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်၍ တာဝန်ရှိသစ်တောဝန်ထမ်းများနှင့်အတူ ပြည်သူလူထုက ပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်ပေးကြရန်လည်း ထပ်လောင်းမှာကြားလိုကြောင်း။

### စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းစီက အသိစိတ်ဓာတ်အပြည့်ဖြင့် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ရန်လိုသကဲ့သို့ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအနေဖြင့်လည်း သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်လိုအပ်ကြောင်း၊ သစ်တောနယ်မြေအတွင်းသာမက သစ်တောမြေ

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*

ပြင်ပနေရာများ၌ သက်ဆိုင်ရာဌာနများက လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများ တည်ထောင်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးနယ်မြေများ (Green zone) များ တိုးပွားလာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့်လည်း နိုင်ငံပိုင်စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဘက်စုံသုံးစိုက်ခင်းစိုက်ပျိုးခြင်း စသည့် စိုက်ခင်းတည်ထောင်ခြင်းအမျိုးမျိုးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူထုဖြန့်ပျိုးပင်ပေါင်း ၁၀ သိန်းကျော်ကို အာဆီယံလမ်း၊ အမြန်လမ်းနှင့် ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်/ကျေးရွာချင်းဆက်လမ်း၊ ရထားလမ်းဘေး ဝဲ/ယာ စိုက်ပျိုးခြင်းအတွက် သက်ဆိုင်ရာဌာနများကို ပျိုးပင်ဖြန့်ဝေခြင်း၊ ပြည်သူလူထုစိုက်ပျိုးနိုင်ရန် ဖြန့်ဝေခြင်းများကို ဆောင်ရွက်သွားမည်ဟု သိရကြောင်း။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

သစ်စေ့မှစိုက်ပျိုးနိုင်သည့် အမြင့် နှစ်ပေနှင့်အထက်အရွယ် ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီးစိုက်ထုတ်ခဲ့ရသည်ဖြစ်သည့်အတွက် တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရေး ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရေး၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးအတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း **"သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏"** ဆိုသည်နှင့်အညီ မိမိတို့နေထိုင်ရာ ဒေသပတ်ဝန်းကျင်ရှိ ကျေးရွာ၊ မြို့ပြများတွင် စိမ်းလန်းစိုပြည်သာယာလှပစေရေး ဝိုင်းဝန်းကြိုးစားကြရန်၊ တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရေးအတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရန်၊ **"သစ်တောသစ်ပင်များသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ဇာတိုချက်ဖြစ်သည်"** ဆိုသည့် စကားနှင့်အညီ ဖွံ့ဖြိုးမှုလုပ်ငန်းတိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အမြော်အမြင်ကြီးစွာဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က စိန်ပန်းပြာပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)၌ ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပန်းပွင့်သောသစ်မျိုးများဖြစ်ကြသည့် ချယ်ရီ၊ ခရေ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ရတနာတန်းဝင်သစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ မဟော်ဂနီနှင့် အမြဲစိမ်းသစ်မျိုးများဖြစ်ကြသည့် ဆီသပြေ၊ ခါတော်မှိ စသည့်သစ်မျိုး ရှစ်မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PPIB News



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးတက္ကသိုလ် သိပ္ပံသုတေသနစင်တာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ကြရခြင်းဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုများ ဖောက်ပြန်လျက်ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နောင်အနာဂတ် လူငယ်များအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို မဖြစ်မနေ ဆောင်ရွက်သွားကြရန် လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မှသာလျှင် ပို့ကုန်များတိုးမြှင့်ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အကျိုးရှိစွာ ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဒေသနှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာ ထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ မင်းဘူးဒေသတွင်လည်း နှမ်းစိုက်ပျိုးကြကြောင်း၊ နှမ်းတစ်ဧကလျှင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်တင်း ၂၀ ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းမွန်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်မြင့်မားလာပြီး လူနေမှုအဆင့်များ တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ၏စီးပွားရေးအား ကောင်းမွန်မှုရှိစေရေး ကြိုးပမ်းအားထုတ်သွားကြရန် လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အဓိကဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည်ဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ အတွေးအခေါ်မှားနေသူများကိုလည်း ပြင်ပေးကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်း ဖြစ်သော်လည်း နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများနှင့် ကိုက်ညီသည့် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံကို ကောင်းအောင်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ထိုအပေါ်တွင် သဘောထား ကွဲလွဲနေသူများကိုလည်း နားလည်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ သဘောထား ကွဲလွဲမှုများသည် ပညာရေးအားနည်းချက်များ၏ အကျိုးဆက်များပင်ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီး ဟူသည့်အတိုင်း အသိအမြင်၊ အတွေးအခေါ် ကောင်းများနှင့် ပြည့်စုံသည့် အနာဂတ်လူငယ်များ ထွက်ပေါ်လာစေရေး ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**မင်းဘူးခရိုင် အားကစားကွင်း**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များ လိုက်ပါ၍ မင်းဘူးခရိုင် အားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းပြီးလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မကွေးတက္ကသိုလ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တက္ကသိုလ်ရှိ ဘက်စုံခန်းမ၊ သိပ္ပံသုတေသနစင်တာနှင့် စာကြည့်တိုက်တို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ပရိဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**နည်းပညာတက္ကသိုလ်(မကွေး)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ကန်ပြားကျေးရွာအုပ်စုရှိ နည်းပညာတက္ကသိုလ်(မကွေး)သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အစည်းအဝေးခန်းမတွင် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်းနှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ စာကြည့်တိုက်နှင့် အခြားအခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် တက္ကသိုလ်ပိုင်မြေလိုအပ်လျက်ရှိမှုနှင့် သင်ကြားရေးဆိုင်ရာ အခြားလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PPIB News

## ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ကျန်းမာရေးဝန်ကြီးဌာန၏ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဇီရာရွှေပြည်လမ်းရှိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကံ့ကော်ပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ပိတောက်ပင်ကိုလည်းကောင်း ဦးဆောင်စိုက်ပျိုးပေးသည်။(ယာပုံ)

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ စွယ်တော်၊ သပြေ၊ ယူကလစ်၊ ပျဉ်းမ၊ ရေတမာ၊ ပန်းမဲဇလီ၊ ကြောင်လျှာ စသည့် ပျိုးပင်စုစုပေါင်း ၂၀၀ စုပေါင်း စိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများဖြင့် မိုးစပါးစုပေါင်းစိုက်ပျိုးမှု သွားရောက်ကြည့်ရှုအားပေး

**ပဲခူး ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ယနေ့နံနက်ပိုင်းက သနပ်ပင်မြို့နယ် ဖရဲကျေးရွာ မိုးစပါးစိုက် တောင်သူများနှင့် တွေ့ဆုံပြီး ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချသုံးစွဲနိုင်ရေး၊ သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲရေး၊ ကြားသီးနှံအဖြစ် ပဲစိုက်ပျိုးရေး၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းပေးကာ မိုးစပါးစိုက် တောင်သူများအတွက် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အင်ဂျင်ပါ လက်ဆွဲ ကောက်စိုက်စက်၊ အင်ဂျင်ပါ မျိုးစေ့ချကိရိယာ၊ လူစီး ကောက်စိုက်စက်တို့ဖြင့် စုပေါင်းမိုးစပါး စိုက်ပျိုးမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၁၂**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့က မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်အတွင်း "အိလေး"စားသောက်ကုန် လုပ်ငန်း၌ အသင့်စား စားသောက်ကုန်လုပ်ငန်းအပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အသားတိုးဝက်များ တိုးချဲ့မွေးမြူထားရှိမှုနှင့် ငါးကန်တူးဖော်၍ ငါးသားပေါက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် မိုးကောင်းမြို့နယ် ကုန်းတန်းကြီး ကျေးရွာအုပ်စု လေသာကုန်း ကျေးရွာအတွင်း "တိုးပွားအောင်" မွေးမြူရေးခြံ၌ DY အမျိုးအစား အသားတိုးဝက်ကောင်ရေ ၂၅၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် နမ္မကျေးရွာ ကွင်းအမှတ်(၁၄၆)အတွင်း မျိုးစေ့ချ ကိရိယာ၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ တောင်သူများအတွက် မျိုးစေ့ချကိရိယာများ၊ ယူရီးယား ဓာတ်မြေဩဇာအိတ်များ၊ ဆောင်းသီးထပ် လယ်သီးနှံစိုက်ပျိုးနိုင်ရေး ပဲပုပ်မျိုးစေ့များ၊ ရွက်ဖျန်း မြေဩဇာအိတ်များနှင့် မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။(အောက်ပုံ)

**ပြည်နယ်(ပြန်/ဆက်)**





❑ *ရွှေဖုံးမှ*

အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ တည်ဆောက်တပ်ဆင်ပြီးစီးခဲ့ပြီဖြစ်သည်။ ဝွေးပင်ရိုးကျေးရွာ မိုဘိုင်းစခန်းသစ်ကို ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းတို့က မိုဘိုင်းစခန်းကို ဖွင့်လှစ်ပေးကြကာ(ဝဲပုံ) ဒုတိယဝန်ကြီးက အမှာစကားပြောကြား၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စလင်းမြို့နယ်၌ မှိုမျိုးစုံ မွေးမြူစိုက်ပျိုးထုတ်လုပ်နည်း ပညာပေး

**စလင်း ဇူလိုင် ၁၂**

စလင်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် ကျေးရွာသစ်လူပ်ရှားမှု စီမံကိန်းလုပ်ငန်း အစီအစဉ်ဖြင့် လက်ပံကန်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိရာ စီမံကိန်း လုပ်ငန်းစဉ်များ ညှိနှိုင်းခြင်း၊ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် မှိုမျိုးစုံ မွေးမြူစိုက်ပျိုးထုတ်လုပ်နည်းပညာသင်တန်းပို့ချခြင်းတို့ကို ဇူလိုင် ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာသစ်လူပ်ရှားမှုစီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးကာ ရန်ပုံငွေကျပ် ၅၂၄၀၁၄၅၅ ကို ကျေးရွာအဆင့်ကော်မတီများထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မှိုမျိုးစုံမွေးမြူစိုက်ပျိုး ထုတ်လုပ်နည်းပညာသင်တန်းအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းပို့ချဆောင်ရွက်ပြီး မှိုမျိုးထုပ် ၁၈ ပုံစာ ထောက်ပံ့ပေးအပ်၍ စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။ **မောင်လွင်(စလင်း)**



## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ယမန်နေ့က ဆေးရုံအဆောက်အအုံနှင့် ဆေးရုံဝင်းအတွင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ကြည့်ရှုပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။





ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးသည် ၂၀၀၈ ခုနှစ် ဇူလိုင်လကစတင်၍ ခုတင်(၂၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ချင်းပြည်နယ် ဒေသခံများကို ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့နောက် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်နှင့် ဖါရိထောက်ရပ်ကွက်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံများ၏ နေအိမ်များကို နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းပြင်ဆင်ပေးနေမှုကို ကြည့်ရှုပြီး သွပ်နှင့် သွပ်ရိုက်သံများကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးအလိုက် ထောက်ပံ့ပေးအပ်မည့်ပစ္စည်းများ မြေပြင်နှင့် ကွဲလွဲမှုမရှိစေရေး၊ ထောက်ပံ့ရေးပစ္စည်းများ အလေအလွင့် မရှိစေရေးများနှင့် အမှန်တကယ် ထောက်ပံ့ရန်လိုအပ်သည့် ဒေသခံပြည်သူများ မကျန်ရှိစေရေးတို့ကို စီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၁)

## ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော အလုပ်အကိုင်ဈေးကွက်အတွက် စိုက်ပျိုးမွေးမြူရေးဘွဲ့ရများကို ပြန်လည်ပညာသင်ကြားပေးခြင်း

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ်-ငြိမ်း)

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲ သင်ကြား၊ သုတေသနပြုလာမှုအပေါ်မူတည်၍ တိုးတက်နေပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာ သင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

ယနေ့ ကမ္ဘာ့အလုပ်အကိုင်ဈေးကွက်သည် နည်းပညာတိုးတက်မှု၊ ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်မှု၊ ဒီဂျစ်တယ်ပြောင်းလဲမှုနှင့် စားသုံးသူလိုအပ်ချက်များ ပြောင်းလဲလာမှုတို့ကြောင့် အလွန်လျင်မြန်စွာ ပြောင်းလဲလျက် ရှိပါသည်။


တက္ကသိုလ်ဘွဲ့ရအများစုတွင် သီအိုရီပညာ အခြေခံကောင်းမွန်သော်လည်း အလုပ်ရှင်များက ယနေ့ခေတ်တွင် လက်တွေ့လုပ်ငန်းကျွမ်းကျင်မှု၊ ဒီဂျစ်တယ်နည်းပညာအသုံးပြုနိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ ဆက်သွယ်ပြောဆိုနိုင်မှုနှင့် စီးပွားရေးစွမ်းဆောင်ရည်တို့ကို ပိုမိုလိုအပ်လာကြပါသည်။

ဤပြဿနာသည် စိုက်ပျိုးမွေးမြူရေးဘွဲ့ရများအတွက် ပို၍အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်စိုက်ပျိုးရေးသည် ရိုးရာစိုက်ပျိုးမွေးမြူရေးမှ နည်းပညာအခြေပြု၊ သိပ္ပံအခြေပြု၊ အချက်အလက်အခြေပြုစိုက်ပျိုးမွေးမြူရေး (Smart Agriculture) သို့ ပြောင်းလဲလာပြီဖြစ်သောကြောင့် ဖြစ်ပါသည်။

ယနေ့ခေတ် စိုက်ပျိုးရေးပညာရှင် တစ်ဦးသည် အထူးသဖြင့် တိကျစိုက်ပျိုးရေး၊ ရာသီဥတုလိုက်လျောညီထွေ စိုက်ပျိုးရေး၊ စိုက်ပျိုးရေး စီးပွားရေးစီမံခန့်ခွဲမှု၊ ဉာဏ်ရည်တု၊ အဝေးမှထိန်းသိမ်းခြင်း၊ ဇီဝနည်းပညာ၊ အစားအစာလုံခြုံရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာဈေးကွက် စသည့် ခေတ်မီပညာရပ်များကို နားလည်ထားရန် လိုအပ်လာပါသည်။

ထို့ကြောင့် ဘွဲ့ရများကို ပြန်လည်ပညာပေးခြင်းဆိုသည်မှာ တက္ကသိုလ်တွင် သင်ယူခဲ့သော ပညာရပ်များနှင့် အလုပ်ဈေးကွက်၏ လိုအပ်ချက်များအကြား ကွာဟမှုကို ဖြည့်ဆည်းပေးနိုင်ရန် အသိပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အရည်အသွေးများကို ထပ်မံမြှင့်တင်ပေးခြင်း ဖြစ်ပါသည်။

ဤစနစ်မှာ ဘွဲ့ရများ၏ အသိပညာ၊ နည်းပညာကျွမ်းကျင်မှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ယနေ့နှင့် အနာဂတ်အလုပ်




"ကျွန်ုပ်တို့ ဘာလုပ်နေလဲဆိုတာကိုသာ ကြိုသိနေမယ်ဆိုရင် အဲဒါကို သုတေသနလို့ ခေါ်မှာ မဟုတ်ဘူး၊ ဟုတ်တယ်မလား" (အဲလ်ဘတ် အိုင်းစတိုင်း)

ဈေးကွက်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြန်လည်မွမ်းမံမြှင့်တင်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။

ယင်းတွင် ပါဝင်သည်များမှာ—

- ❖ အသိပညာမြှင့်တင်ခြင်း၊
- ❖ အသက်မွေးဝမ်းကျောင်းပြောင်းလဲရန် ကျွမ်းကျင်မှုအသစ်သင်ယူခြင်း၊
- ❖ တစ်သက်တာသင်ယူမှု၊
- ❖ ပညာရပ်တစ်ခုချင်း တတ်မြောက်အောင်မြင်လက်မှတ်ရရှိမှု၊
- ❖ လုပ်ငန်းခွင်အတွေ့အကြုံ၊
- ❖ ဒီဂျစ်တယ်ပညာကျွမ်းကျင်မှု၊
- ❖ ခေါင်းဆောင်နိုင်မှုတို့ ပါဝင်ပါသည်။

**အဘယ်ကြောင့် မွမ်းမံသင်တန်းများ လိုအပ်သနည်း**

**(၁) နည်းပညာတိုးတက်မှု အလွန်မြန်ဆန်လာခြင်း**

ယနေ့စိုက်ပျိုးရေးသည် Agriculture 4.0 ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ အသုံးများလာသောနည်းပညာများမှာ– ဉာဏ်ရည်တု၊ စက်ဖြင့်/ ကွန်ပျူတာစနစ်ကို လေ့လာသည့် စွမ်းရည်၊ အင်တာနက်၊ ဒရုန်းနည်းပညာ၊ ဂြိုဟ်တုစနစ်ဖြင့် စိုက်ပျိုးရေးကို အသုံးပြုခြင်း၊ ဂျီပီအက်စ်ပါသောထွန်စက်၊ ရိုဘော့စက်ရုပ်၊ အချက်အလက်များ၊ ဘလော့ချိန်း (Block-chain)၊ ခေတ်မီရေသွင်းစနစ်၊ ဒီဂျစ်တယ်နည်းပညာဖြင့် လယ်ယာမြေ၊ စာရင်းဇယားများ စီမံခန့်ခွဲခြင်းတို့ဖြစ်ကြသည်။ တက္ကသိုလ်တွင် အထွေထွေစိုက်ပျိုးရေးပညာသာ သင်ယူခဲ့သော ဘွဲ့ရအများစုသည် ဤနည်းပညာများကို မကျွမ်းကျင်သေးနိုင်ပါ။

**(၂) အလုပ်ရှင်များ၏ လိုအပ်ချက်များ ပြောင်းလဲလာခြင်း**

ယနေ့အလုပ်ရှင်၊ ကုမ္ပဏီများသည်– ပြဿနာဖြေရှင်းနိုင်သူ၊ အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သူ၊ ဆက်သွယ်ပြောဆိုကောင်းသူ၊ အချက်အလက်ကို ခွဲခြမ်းစိတ်ဖြာနိုင်သူ၊ ဒီဂျစ်တယ်စနစ်အသုံးပြုနိုင်သူ၊ ဆုံးဖြတ်ချက်ကောင်းချနိုင်သူ၊ လူများစွာကို ခေါင်းဆောင်နိုင်သူ၊ အပြောင်းအလဲကို လက်ခံနိုင်သူများကို အလိုရှိကြပါသည်။

**(၃) ရာသီဥတုပြောင်းလဲမှု**

ယနေ့စိုက်ပျိုးရေးသည် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ပိုးမွှားရောဂါအသစ်များဖြစ်ပေါ်လာခြင်း၊ မိုးခေါင်ရေရှားပါးခြင်းတို့ကို ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ဘွဲ့ရများသည် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးမွေးမြူရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးမွေးမြူရေး၊ ကာဗွန်ထိန်းသိမ်းနိုင်သော စိုက်ပျိုးမွေးမြူရေး၊ ပြန်လည်ပြည့်ဖြိုးစွမ်းအင်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်သော စိုက်ပျိုးမွေးမြူရေးတို့ကို နားလည်ထားရပါမည်။

**(၄) ကမ္ဘာ့ယှဉ်ပြိုင်မှု တိုးလာခြင်း**

ယနေ့စိုက်ပျိုးရေးထွက်ကုန်များသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နေရပါသည်။ ထို့ကြောင့် ဘွဲ့ရများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ နိုင်ငံရပ်ခြားတင်ပို့နိုင်ရန် နည်းဥပဒေ/စည်းမျဉ်းများ၊ အစားအစာ လုံခြုံဘေးကင်းရန် လိုအပ်ချက်များ၊ တန်ဖိုးမြင့်ကွင်းဆက်စီမံခန့်ခွဲမှု၊ နိုင်ငံတကာတွင် ရောင်းဝယ်ဖောက်ကားမှုတို့ကို သိရှိထားရန် လိုအပ်ပါသည်။

**(၅) လုပ်ငန်းခွင်တွင် လက်တွေ့ကျွမ်းကျင်မှု လိုအပ်လာခြင်း**

အလုပ်ရှင်အများစုက– **"ဘွဲ့ရများတွင် သီအိုရီအသိပညာရှိသော်လည်း လက်တွေ့လုပ်ငန်းအတွေ့အကြုံနည်းပါးသည်"**ဟု ဆိုကြပါသည်။ ထို့ကြောင့် တက္ကသိုလ်များသည် လုပ်ငန်းခွင်သင်တန်း၊ လယ်ယာလက်တွေ့လုပ်ငန်းများ၊ ခေတ်ခွဲခန်းအတွေ့အကြုံများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အစားအစာ၊ ဆက်စပ်နေသော စက်ရုံအလုပ်ရုံများတွင် ကျွမ်းကျင်မှု၊ ကွင်းသုတေသနများ၊ စွန့်ဦးတီထွင်လုပ်ငန်းများကို ပိုမိုအလေးထားလာကြပါသည်။

**တက္ကသိုလ်များက မည်သို့ ထပ်မံသင်ကြားမှု ဆောင်ရွက်သင့်သနည်း**

၁။ သင်ရိုးညွှန်းတမ်းများကို ခေတ်၊ စနစ်နှင့် အညီ မွမ်းမံပြင်ဆင်ခြင်း၊

၂။ စိုက်ပျိုးရေးကုမ္ပဏီများ၊ သုတေသနဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၃။ ဘာသာရပ်နှင့်ဆိုင်သော မဖြစ်မနေ လုပ်ငန်းခွင်လုပ်ငန်း၊ အလုပ်သင်နှင့် လုပ်ငန်းနေရာများများ ထည့်သွင်းပေးခြင်း၊

၄။ ပထဝီဆိုင်ရာသတင်းစနစ် (GIS)၊ ဒရုန်း (Drone)၊ ဉာဏ်ရည်တု(AI)၊ သတင်းအချက်အလက် စစ်ဆေးမှု၊ လယ်ယာမြေလုပ်ငန်းများစီမံခန့်ခွဲမှု စသည့်ကာလတိုလက်မှတ်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊

၅။ အဝေးမှသင်နည်းစနစ် (Online Learning)၊ ညနေပိုင်းသင်တန်းများ (Evening Class)၊ ရုံးပိတ်ရက်သင်တန်းများ (Weekend Class)နှင့် ကျွမ်းကျင်ဒီပလိုမာသင်တန်းများ (Professional Diploma) မှတစ်ဆင့် တစ်သက်တာသင်ယူမှု (Life-long Learning) ကို မြှင့်တင်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ရပါမည်။

**စာရေးသူ၏အတွေး**

ဘွဲ့ရများကို ပြန်လည်ပညာပေးခြင်းသည် ယနေ့ခေတ်တွင် ရွေးချယ်စရာမဟုတ်တော့ဘဲ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်လာပါသည်။ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးဘွဲ့ရများအနေဖြင့် ရိုးရာစိုက်ပျိုးမွေးမြူရေးအသိပညာတစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ ဒီဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တု၊ တိကျစိုက်ပျိုးရေး၊ စိုက်ပျိုးရေးစီးပွားရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေး၊ ခေါင်းဆောင်မှုနှင့် စွန့်ဦးတီထွင်မှုတို့ကိုလည်း ဆက်လက်လေ့လာသင်ယူရမည် ဖြစ်ပါသည်။

တက္ကသိုလ်များကလည်း ခေတ်မီသင်ယူ စီမံခန့်ခွဲမှုစနစ် (LMS –Learning Management System) အပါအဝင် စမတ်တက္ကသိုလ်နယ်မြေ (Smart University Campus)၊ စမတ်တက္ကသိုလ်စိုက်ကွင်း (Smart University Farm) များ ပြင်ဆင်ထားခြင်းဖြင့် ခေတ်မီနည်းပညာများအတွက် အဆင်သင့်ဖြစ်နေပြီး ဖြစ်ပါမည်။

တက္ကသိုလ်များ၊ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ဘွဲ့ရများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ကာ တစ်သက်တာသင်ယူမှု (တစ်နည်းအားဖြင့် မည်သည့်ဘွဲ့ရမဆို သင်ယူနိုင်သော လက်မှတ်ရသင်တန်းများ၊ ဒီပလိုမာသင်တန်းများ၊ ဘွဲ့သင်တန်းများကို အဝေးသင်၊ လူကိုယ်တိုင်တက်ရောက် စသည်တို့ အားပေးမြှင့်တင်နိုင်မည်ဖြစ်ပါသည်။)

စာရေးသူ၏ မိတ်ဆွေတစ်ဦးကို တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ဘွဲ့တစ်ခုပဲ ယူခွင့်ရှိသည်။ အသက်ကြီးသွားလျှင် ကျောင်းဆက်တက်၍ မရပါဆိုသော ပြောကြားခဲ့သည့် သတင်းအမှားများအစား နိုင်ငံတကာတက္ကသိုလ်များကဲ့သို့ စိတ်ပါဝင်စားပါက ကြိုက်သည့်အချိန်၊ ကြိုက်သည့် အသက်အရွယ်တွင် သင်ယူခွင့်ပေးပါက မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ပြီး စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။ ။

**" အသက်ကြီးသွားလျှင် ကျောင်းဆက်တက်၍ မရပါဆိုသော ပြောကြားခဲ့သည့် သတင်းအမှားများအစား နိုင်ငံတကာတက္ကသိုလ်များကဲ့သို့ စိတ်ပါဝင်စားပါက ကြိုက်သည့်အချိန်၊ ကြိုက်သည့် အသက်အရွယ်တွင် သင်ယူခွင့်ပေးပါက မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ် "**



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံ မဖြိုဖျက်မီ မြင်တွေ့ရစဉ်။

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု နေရာပြမြေပုံ




▼ *ကျော့ဖုံးမှ*

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ကိုးထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံငါးလုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အား သုံးစွဲမှုများကို Control Center များမှစစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) – ၀၆၇-၃၄၁၀၀၇၂
- ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) – ၁၇၁၇
- မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) – ၁၆၁၆ ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ – ၀၆၇-၃၄၁၀၄၀၇၊ ၀၉၆၈၂၂၃၂၆၀၀၊ ၀၉၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မန္တလေးမြို့၌ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေး လှုံ့ဆော်ရေးလှုပ်ရှားမှုပြုလုပ်

**မန္တလေး ဇူလိုင် ၁၂**

အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးလှုံ့ဆော်ရေးလှုပ်ရှားမှုအစီအစဉ်(Tax Campaign)ကို ဇူလိုင် ၁၀ ရက်က မန္တလေးမြို့ CAE ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အင်းဝကိုယ်ပိုင်အထက်တန်းကျောင်းတို့၌ ပြုလုပ်ရာ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) ဌာနမှူး ဦးပိုင်စိုးက အမှာစကားပြောကြားခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းဟန်နှင့် ဒေါ်အိအိဆွေတို့က အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ တာဝန်ရှိသူများက အခွန်ဆိုင်ရာ အမေးအဖြေဉာဏ်စမ်းမေးခွန်းများမေးမြန်းခြင်း၊ ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားသည်။

**သက်ထက်**

⁂ *ကျော့ဖုံးမှ*

ဘဲလင်ဂမ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အင်္ဂလန်အသင်းရရှိသည့် နှစ်ဂိုးစလုံးကို သွင်းယူနိုင်ခဲ့သည်။ နှစ်သင်းကြားခြေစွမ်းကွာခြားမှုမရှိဘဲ အဆုံးသတ်သေချာသည့် အင်္ဂလန်အသင်းက နိုင်ပွဲရပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

နော်ဝေအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သော်လည်း အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်တက်လှမ်းနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ်ကို ရယူနိုင်ခဲ့သည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နံနက် ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အာဂျင်တီးနားနှင့် ဆွစ်ဇာလန်အသင်းပွဲစဉ်တွင် အာဂျင်တီးနားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းသည် အယ်ဗာရက်ဇ်၊ မာတီနက်ဇ်တို့၏ အချိန်ပိုသွင်းဂိုးများဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်နှင့် အာဂျင်တီးနားအသင်းတို့၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို လာမည့် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

❏ *ကျော့ဖုံးမှ*

စိုးရိမ်ရေ မှတ် ၁၀၂၂ စင်တီမီတာအထက် ၁၀၂၉ စင်တီမီတာသို့ ခုနစ်စင်တီမီတာ ကျော်လွန် ရောက်ရှိလာသည့်အတွက် မြို့ပေါ် ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စုနှစ်အုပ်စုတို့တွင် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဘေးသင့်ဒေသမှ ပြည်သူများအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ စီစဉ်မှုဖြင့် တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များက ယာယီရေဘေးကယ်ဆယ်ရေးစခန်း ကိုးခုဖွင့်လှစ်၍ အိမ်ထောင်စု ၄၂၇ စု လူဦးရေ ၁၆၂၆ ဦးတို့အား ပြောင်းရွှေ့နေရာချထားခဲ့ပြီး ဆန်၊ ရေသန့်၊ ကြက်ဥ၊ မုန့်ခြောက်နှင့် ခေါက်ဆွဲခြောက်များ ပေးအပ်ကူညီနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစုံစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကျန်းမာသော လူနေမှုဘဝပုံစံများ ပြောင်းလဲကျင့်သုံးခြင်းဖြင့် မကူးစက်နိုင်သော ရောဂါများကို ကာကွယ်ထိန်းချုပ်ကြပါစို့ ...

အောင်မင်း
(ကျန်းမာပညာ)

**လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းဝေးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရမည့်အခြေအနေ၊ အချိန်အခါကို ရောက်ရှိနေပြီဖြစ်ပါသည်။**

ယခင်က ကူးစက်ရောဂါများ၏ဒဏ်ကိုသာ ခံစားခဲ့ရသော ပြည်သူများသည် မှားယွင်းစွာ ကျင့်သုံးနေထိုင်ခဲ့သည့် မကျန်းမာသောလူနေမှုပုံစံများ(Unhealthy Life Style) ကြောင့်မကူးစက်နိုင်သောရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကိုလည်း တစ်နေ့တခြား ပို၍ပို၍ ခံစားလာနေရပါသည်။

မကူးစက်နိုင်သောရောဂါများ (Non Communicable Diseases NCDs) ဆိုသည်မှာ လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းမှ မဟုတ်ဘဲ ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအစာများ စားသောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် လူနေမှုဘဝနေထိုင်မှုပုံစံများတွင် ကြာရှည်စွာစားသောက်နေထိုင်၊ ထိတွေ့နေရခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါအစုအဝေး (သို့မဟုတ်) ကျန်းမာရေးပြဿနာများကို ခေါ်ဆိုခြင်းဖြစ်သည်။

ပြည်သူအားလုံးအနေဖြင့် မကူးစက်နိုင်သောရောဂါများ၏ အန္တရာယ်ကို သိရှိနားလည်ရန် မကူးစက်နိုင်သောရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည့်နည်းလမ်းများကို သိရှိလိုက်နာကျင့်သုံးနိုင်စေရန် မကူးစက်နိုင်သောရောဂါများက လူမှုစီးပွားတိုးတက်မှုအတွက် အဟန့်အတားဖြစ်ကြောင်းကို သတိပြုသိရှိစေရန်၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးတွင် နီးနွယ်ဌာနများက ပူးပေါင်းဆောင်ရွက်စေရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်နိုင်စေရန် လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

**အဓိက မကူးစက်နိုင်သော ရောဂါများမှာ နာတာရှည်အဆုတ်နှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါအမျိုးမျိုး၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်ပြီး အခြားသောမကူးစက်နိုင်သောရောဂါများ၊ ကျန်းမာရေးပြဿနာများမှာ အတက်ရောဂါ၊ နားလေးရောဂါ၊ စိတ်ကျန်းမာရေးဆိုင်ရာရောဂါများ၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်အန္တရာယ်၊ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်၊ အရက်စွဲအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များဖြစ်ပါသည်။**

မကူးစက်နိုင်သောရောဂါများသည် နာတာရှည်ရောဂါ အမျိုးအစားဖြစ်ခြင်း၊ စနစ်တကျ ကုသထိန်းချုပ်နိုင်ခြင်း မရှိပါက ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် မသန်စွမ်းဖြစ်ခြင်းနှင့် အရွယ်မတိုင်မီသေဆုံးရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သော ရောဂါများဖြစ်ခြင်း၊ ရောဂါ၏ နောက်ဆက်တွဲဝေဒနာများကြောင့် အလုပ်လုပ်နိုင်စွမ်း ကျဆင်းလာခြင်း၊ ဆေးကုသမှုကုန်ကျစရိတ်များကြောင့် ၎င်းတို့၏ မိသားစုအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားဖြစ်ပေါ်စေခြင်း စသည့် မကူးစက်နိုင်သောရောဂါများ၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားကြရမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်၊ မြို့ပြများဖြစ်ထွန်းလာမှု သက်ကြီးဦးရေတိုးပွားလာခြင်းကဲ့သို့ နောက်ခံအကြောင်းရင်းများ၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များ စားသုံးခြင်းကဲ့သို့သော အပြုအမူဆိုင်ရာအန္တရာယ်ရှိသော အချက်များ၊ သွေးဖိအားများခြင်း၊ ကိုယ်အလေးချိန်များခြင်း၊ အဝလွန်ကဲခြင်း၊ သွေးတွင်းအချိုဓာတ်များခြင်း၊ သွေးတွင်း အဆီဓာတ်များခြင်းကဲ့သို့ ဇီဝကမ္မဆိုင်ရာ အန္တရာယ်ရှိသောအချက်များက မကူးစက်နိုင်သောရောဂါများကို ဖိတ်ခေါ်နေပါသည်။

မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်သင့်သည့်လုပ်ငန်းများမှာ–

- မကူးစက်နိုင်သောရောဂါများ၏ အန္တရာယ်ကို လူတိုင်းသိရှိနားလည်၍ ကာကွယ်နိုင်မည့်နည်းလမ်းများကို သိရှိပြီး လက်တွေ့လိုက်နာကျင့်သုံးလာစေခြင်း၊
- မကူးစက်နိုင်သော ရောဂါများ၏ အန္တရာယ်ကို မိသားစုအဆင့်၊ ပြည်သူလူထုအဆင့်မှ သိရှိနားလည်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများ လက်တွေ့လိုက်နာကျင့်သုံးစေခြင်း၊
- မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးစားပေးသတ်မှတ်ဆောင်ရွက်ခြင်း၊
- မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးတွင် နီးနွယ်ဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခြင်းတို့ဖြစ်ပါသည်။

**“အဓိက မကူးစက်နိုင်သောရောဂါများမှာ နာတာရှည်အဆုတ်နှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါအမျိုးမျိုး၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်ပြီး အခြားသောမကူးစက်နိုင်သောရောဂါများ၊ ကျန်းမာရေးပြဿနာများမှာ အတက်ရောဂါ၊ နားလေးရောဂါ၊ စိတ်ကျန်းမာရေးဆိုင်ရာရောဂါများ၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်အန္တရာယ်၊ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်၊ အရက်စွဲအန္တရာယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်များဖြစ် ”**

မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် တစ်ဦးတစ်ယောက်ချင်း၏ တာဝန်များမှာ–

**(၁) ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးခြင်း**

- ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ခြင်း/ မရှောင်နိုင်ပါက လျှော့စားခြင်း။
- ချိုလွန်းသည့် အစားအစာများ – အချိုရည်ဘူးများ၊ သကြားနှင့်နို့ဆီပါသော အစားအစာများ၊ ထန်းလျက်၊ မလိုင်၊ ကြံသကာ စသည့် အစားအစာများ။
- ငန်လွန်းသည့်အစားအစာများ– ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက် စသည့်အစားအစာများနှင့် ဟင်းချိုမှုန့်။
- တိရစ္ဆာန်မှ ရသောအဆီများ (အမဲဆီ၊ ဝက်ဆီ)၊ စားအုန်းဆီနှင့် ပြန်ကြော်ဆီများ စားသုံးခြင်းကို လျှော့ပါ၊ ဖြစ်နိုင်ပါက လုံးဝရှောင်ကြဉ်ပါ။

**(၂) ကိုယ်ကာယလှုပ်ရှားမှု လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ**

- တစ်နေ့လျှင် အနည်းဆုံး မိနစ် ၃၀၊ တစ်ပတ်လျှင် ၅ ရက်ခန့် လုံလောက်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ၊ (လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ အလေးမခြင်း၊ စက်ဘီးစီးခြင်း စသည့်မိမိလုပ်နိုင်သည့် လေ့ကျင့်ခန်းကို လုပ်နိုင်ပါသည်။)
- သွက်လက်တက်ကြွစွာ နေထိုင်ပါ။
- အထိုင်များခြင်း၊ လှုပ်ရှားမှုနည်းခြင်းကို ရှောင်ကြဉ်ပါ။
- တီဗွီ၊ တီဗွီဂိမ်းရှေ့တွင် ကြာရှည်စွာထိုင်ခြင်းနှင့် အင်တာနက် ကြာရှည်စွာအသုံးပြုခြင်းများ ရှောင်ကြဉ်ပါ။

**(၃) ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုကို ရှောင်ကြဉ်ပါ**

- ဆေးလိပ်မသောက်ခြင်းသည် နှလုံးသွေးကြောရောဂါကို ထက်ဝက်လျှော့ချနိုင်ပါသည်။
- လူအများစုဝေးရာနေရာများ (စာသင်ကျောင်း၊ ဆေးရုံ၊ လုပ်ငန်းခွင်)တွင် ဆေးလိပ်သောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။
- တစ်ဆင့်ခံဆေးလိပ်ငွေ့သည် ဆေးလိပ်သောက်ခြင်း ကဲ့သို့ပင် ကျန်းမာရေးဆိုးကျိုးများ ပေးပါသည်။ မိမိဆေးလိပ်ငွေ့ကြောင့် သူတစ်ပါး၏ကျန်းမာရေး ထိခိုက်စေသည်ကို သတိပြုရှောင်ကြဉ်ပါ။
- ကွမ်းယာစားခြင်း (ဆေးရွက်ကြီးနှင့် နှပ်ဆေးအမျိုးမျိုး ပါဝင်သော ကွမ်းစားခြင်း)ကို ရှောင်ကြဉ်ပါ။

**(၄) အရက်အလွန်အကျွံသောက်သုံးမှုကို ရှောင်ကြဉ်ပါ**

- အရက်အလွန်အကျွံသောက်ခြင်းသည် သွေးပေါင်ချိန်တက်စေပြီး နှလုံးရောဂါနှင့် ဦးနှောက်လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည်။ ကိုယ်အလေးချိန်ကိုလည်း တိုးစေနိုင်ပါသည်။
- အသက် ၂၀ မှ ၂၉ နှစ်အတွင်း သေဆုံးခြင်းများတွင် ၄ ပုံ ၁ ပုံခန့်မှာ အရက်နှင့်ဆက်နွယ်လျက်ရှိသည်။
- အရက်သောက်သုံးခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာရောဂါမျိုးစုံ၊ စိတ်ဖောက်ပြန်ခြင်းနှင့် မိမိကိုယ်ကို သတ်သေခြင်းများဖြစ်ပေါ်နိုင်သည်။
- အရက်သေစာသောက်သုံးမှုနှုန်း အကန့်အသတ်ထားရှိပါ။
- အရက်မသောက်တတ်သောသူကို အရက်သောက်ရန် တိုက်တွန်းခြင်းမှ ရှောင်ကြဉ်ပါ။

**(၅) ကိုယ်ခန္ဓာ ရှိသင့်သည်ထက် ပိုဝမလာအောင် ထိန်းသိမ်းပါ**

- လူတစ်ဦး၌ ရှိသင့်သော ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်ရန်နှင့် ကိုယ်အလေးချိန်များလာလျှင် လျှော့ချရန် ကြိုးစားရမည်။

**(၆) ရေဆာလျှင် အချိုရည်အစား ရေကိုသာသောက်သည့် အလေ့အကျင့်ကို လိုက်နာပါ။**

**(၇) စိတ်သောကများကို လျှော့နိုင်သမျှ လျှော့အောင် ကြိုးစားနေထိုင်ပါ**

- အပြုသဘောဖြင့် အရာရာကို အကောင်းမြင်နိုင်အောင် ကြိုးစားပါ။
- အပြုံးဖြင့် လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားပါ။

မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် မိသားစုအဆင့်၊ ပြည်သူလူထုအဆင့်မှ ဆောင်ရွက်ရန် တာဝန်များမှာ–

(၁) တစ်ဦးတစ်ယောက်ချင်း၏တာဝန်များ လက်တွေ့လိုက်နာကျင့်သုံးခြင်း၊

(၂) ကျန်းမာသောလူနေမှုပုံစံများကို မိမိ မိသားစုတွင် လက်တွေ့လိုက်နာကျင့်သုံးခြင်း၊

(က) မိမိနှင့် မိမိ မိသားစုတွင် ကျန်းမာရေးအတွက် အန္တရာယ်ရှိသောအပြုအမူများ ရှိ မရှိ ဆန်းစစ်ပါ (ဥပမာ– အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သောအစာများ စားခြင်း)

(ခ) မိမိနှင့် မိမိမိသားစုကိုယ်တိုင် ပြုပြင်လုပ်ဆောင်နိုင်မည့်နည်းလမ်းများ ရွေးချယ်ပါ(ဥပမာ – အချိန်မှန်မှန်အိပ်ခြင်း၊ ဖုန်းနှင့် Screen time များ လျှော့ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း)

(ဂ) အာဟာရမျှတစွာ စားသုံးပါ။ သန့် ၄ သန့်နှင့်အညီ နေထိုင်ပါ။ (လက်သန့်၊ ရေသန့်၊ အစားအစာသန့်၊ အိမ်သာသန့်)

(ဃ) လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ပါ (ဥပမာ– ကိုယ်အလေးချိန် လျှော့ချရန် အာဟာရဆရာဝန်နှင့် တိုင်ပင်ခြင်း)

(င) ရည်မှန်းချက် ပန်းတိုင်ချမှတ်ပါ။ ပြီးလျှင် ဖြစ်အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရပါမည်။ (ဥပမာ– တစ်လအတွင်း ဆေးလိပ်လုံးဝပြတ်ရမည်။ တစ်လအတွင်း ကိုယ်အလေးချိန် ၅ ပေါင်ကျအောင် ကြိုးစားမည်)

- ကျန်းမာရေးကဏ္ဍမှ အရည်အသွေးမီကျန်းမာရေး စောင့်ရှောက်မှုစနစ်များ လက်လှမ်းမီရရှိစေခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ မပြတ်လပ်စေရန် စီစဉ်ဆောင်ရွက်ထားခြင်း၊ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်နှင့် ကျန်းမာရေးသတင်းအချက်အလက်စနစ်များ ပိုမိုအားပြည့်ဆောင်ရွက်ခြင်း၊ ပြောင်းလဲလာသောခေတ်နှင့်အညီ ရောဂါရှာဖွေခြင်း၊ ကုသခြင်းလုပ်ငန်းများ ပိုမိုတိုးချဲ့ပေးခြင်းတို့ ရေတိုအတွက်မဟုတ်ဘဲ ရေရှည်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊
- လိုအပ်သောမူဝါဒများ၊ ဥပဒေစည်းမျဉ်းများ ချမှတ်ပေးခြင်း၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များဖြစ်သော ဆရာဝန်များ/သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်အပ်ပေးခြင်း၊ ကျန်းမာရေးအသုံးစရိတ်များ ပိုမိုလျာထား ပံ့ပိုးထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးသင့်ပါကြောင်း၊
- မကူးစက်နိုင်သောရောဂါများသည် လူမှုဘဝအခြေအနေဆိုင်ရာ အချက်အလက်များနှင့် ဆက်နွယ်လျက်ရှိသောကြောင့် ထိုရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဌာနအပြင် အခြားနီးနွယ်ကဏ္ဍများ၏ ပူးပေါင်းပါဝင်မှုနှင့် ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်မှုများသည် လွန်စွာအရေးကြီးပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုး**

(၁) လူတိုင်းအိမ်တိုင်းဆောင်ထား ကျန်းမာရေးအသိပညာများ စာအုပ်(၂၀၂၄)

(၂) NCD National Strategic Plan(2023–2027)

## နေပြည်တော်သောက်ရေသန့်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်သောက်ရေသန့်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအခမ်းအနား(၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်ရှိ သုခစိုးဟိုတယ်၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ဖြိုး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်း၊ နေပြည်တော်သောက်ရေသန့်လုပ်ငန်းရှင်များအသင်းနာယက ဦးသန်းစိုးနှင့်ဥက္ကဋ္ဌ ဦးမိုးကျော်၊ နေပြည်တော်သောက်ရေသန့်လုပ်ငန်းရှင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျာသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၀ ရက်က ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅) မှ ညွှန်ကြားရေးမှူး ဦးသာယာက ဆင်သေရေလွှဲဆည်အသစ်တည်နေရာ၊ ရေဝပ်ဧရိယာ၊ ရေလျှံထိန်းတာပေါင်၊ ရေထိန်းတံခါးနှင့်အထွေထွေလုပ်ငန်းများ ရှင်းလင်းတင်ပြခဲ့ပြီး နေပြည်တော်ကောင်စီဝင်က တင်ပြမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းအခက်အခဲများမဖြစ်ပေါ်စေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် သပြေသာကျေးရွာ၊ ကွင်းအမှတ် ၁၂၇၉ ကွင်း၊ တောင်သူဦးဝိုင်း ဆင်းရွှေကြာမျိုး နေကြာ၊ တောင်သူ ဦးကျော်ကျော် RAKA 666 ဝါမျိုး ဝါစိုက်ခင်းများသို့ ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



## လှိုင်သာယာမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူပေါင်းကျင်းပသော "ရပ်ရွာအေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ကျင်းပခြင်းကို ယနေ့နံနက် ၉နာရီက အထက-၁ အားကစားခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ဝင်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ စာဖတ်ရိုန်မြှင့်တင်ရေးလှုပ်ရှားမှုကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့က တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ဥက္ကလာပမြို့နယ် ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းနှင့် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်ဇင်ဝင်းမာတို့က အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ / ရသစာအုပ်များ လှူဒါန်းခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအောင်က ကျေးဇူးတင်အမှာစကား ပြောကြားသည်။

ထို့နောက် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲဆောင်ရွက်ခြင်း၊ ပါဝင်ဆွေးနွေးသည့် ကျောင်းသားကျောင်းသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခြင်းနှင့် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ သမအသင်းတောင်သူများအား မြေသြဇာများ ဖြန့်ဖြူးပေးအပ်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများ မိုးစပါးစိုက်ပျိုးချိန်တွင် အဆင်ပြေစေရေးအတွက် သွင်းအားစုမြေသြဇာများ ပံ့ပိုးပေးအပ်ခြင်းကို ယမန်နေ့က ညောင်ကုန်းစံပြကျေးရွာ SMU ခန်းမ၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ညောင်ကုန်းစံပြကျေးရွာရှိ ညောင်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား တောင်သူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်လည်းကောင်း၊ ဆည်စုကျေးရွာရှိ ဧက ၃၀၀၀ ကျွန်းတက်ပဲ့ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများအတွက် လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်စီမံကိန်း) ပံ့ပိုးငွေဖြင့်လည်းကောင်း မြေသြဇာများကို ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ၂၀၂၆ ခုနှစ် ဇူလိုင်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ကိုးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါမြို့တွင် နှစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင်လေးပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

## တစ်ပတ်တာ ဖတ်စရာ

# မြန်မာရေးရာ

**ဇူလိုင် ၅ ရက်**

### မြန်မာ–လာအို ချစ်ကြည်ရေးတိုးမြှင့်ရန် အဆင့်မြင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်

ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ လာအိုနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် လာအိုသမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် လွှန်ပရာဘန် ပြည်နယ်ပါတီအတွင်းရေးမှူးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့အပြင် အသေးစားနှင့် အငယ်စား စက်မှုလုပ်ငန်းများကို လေ့လာကြည့်ရှုခဲ့ပြီး လာအိုနိုင်ငံရှိ သမိုင်းဝင်နေရာများနှင့် ဘာသာရေးအထင်ကရနေရာများသို့ သွားရောက်လေ့လာဖူးမြော်ခဲ့သည်။

### ပုဂံ မဟာဗောဓိဘုရားတွင် ရှေးဟောင်းနံရံဆေးရေးပန်းချီအသစ်များ ဖော်ထုတ်တွေ့ရှိ

မဟာဗောဓိဘုရားတွင် Archaeological Survey of India (ASI) အဖွဲ့၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွင်း စမ်းသပ်ကွက်များမှ နံရံဆေးရေးပန်းချီ သုံးကွက်ကို ဖော်ထုတ်တွေ့ရှိခဲ့ရာ ပုဂံဒေသ၏ နံရံပန်းချီရှိ ဘုရားအရေအတွက် တိုးလာနိုင်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းအတွက် အထောက်အကူ ဖြစ်လာနိုင်သည်။

**ဇူလိုင် ၆ ရက်**

### နေပြည်တော်နှင့် ရှမ်းပြည်နယ်တွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး သုံးသိန်းကြဲချ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တပ်မတော်(လေ)တို့ ပူးပေါင်း၍ နေပြည်တော်တပ်ကုန်းနှင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်တို့တွင် သစ်စေ့မြေလုံး စုစုပေါင်း သုံးသိန်းကြဲချစိုက်ပျိုးကာ သစ်တောပြန်လည်ထူထောင်ရေး ဆောင်ရွက်ခဲ့သည်။

**ဇူလိုင် ၇ ရက်**

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတမှာကြား

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို လေ့လာသုံးသပ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ သွင်းကုန်လျှော့ချရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် MSME လုပ်ငန်းများ၊ ခရီးသွားကဏ္ဍနှင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကဏ္ဍများအလိုက် ပူးပေါင်းကြိုးပမ်းရန် မှာကြားခဲ့သည်။

### ကလေးဝ–ယာကြီး–မုံရွာလမ်းကြောင်း အလုံးစုံ ပြန်လည်ထိန်းချုပ်

တပ်မတော်စစ်ကြောင်းများက ကလေးဝ–ယာကြီး–မုံရွာ ဆက်သွယ်ရေးလမ်းကြောင်းအား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အိန္ဒိယ–မြန်မာကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်း သွားလာရေးများ ပြန်လည်စတင်နိုင်တော့မည်ဖြစ်သည်။

**ဇူလိုင် ၈ ရက်**

### ရွှေသောင်ယံ၌ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ လက်နက်တပ်ဆင်အပ်နှင်း

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့နယ်မြေအတွင်းရှိ ကျေးရွာများမှ အသစ်ဖွဲ့စည်းထားသော ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်နှင့် စစ်ဝတ်ပစ္စည်းများ တပ်ဆင်အပ်နှင်းခဲ့သည်။

### CNG တရားမဝင်ရောင်းချသည့် YBS နှစ်စီး အရေးယူခံရ

YBS ယာဉ်နှစ်စီးမှ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) တရားမဝင်ရောင်းချမှု ကျူးလွန်ခဲ့သဖြင့် ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူခဲ့ကြောင်း သိရသည်။

**ဇူလိုင် ၉ ရက်**

### သုံးနိုင်ငံလမ်းမကြီးနှင့် ကုလားတန်မြစ်ကြောင်းစီမံကိန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတမှာကြား

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်၌ ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စီမံကိန်းများသည် နယ်စပ်ကုန်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာဆက်သွယ်ရေးအတွက် အရေးပါသဖြင့် သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ပြီးစီးရေး သက်ဆိုင်ရာကဏ္ဍများအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

### လူ့အခွင့်အရေးအစီရင်ခံစာနှင့် အိုအိုင်စီဆုံးဖြတ်ချက်အဆိုတို့ကို ပြတ်သားစွာပယ်ချ

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၆၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့် ဆုံးဖြတ်ချက်အဆိုများသည် မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေကို ထင်ဟပ်နိုင်ခြင်းမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ မြန်မာနိုင်ငံအနေဖြင့် အိုအိုင်စီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို ပြတ်သားစွာပယ်ချခဲ့ပြီး မြန်မာဦးဆောင်သည့် လုပ်ငန်းစဉ်ဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ဇူလိုင် ၁၀ ရက်**

### လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်အတွက် အမျိုးသားကော်မတီစည်းဝေး

နေပြည်တော်၌ ကျင်းပသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် ပိုမိုထိရောက်ခိုင်မာစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပြည်သူများ၏ လူမှုဘဝလုံခြုံမှု မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများအပြင် ခေတ်နှင့်လျော်ညီသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် တည်ဆောက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

### မြောက်ဥက္ကလာပဆေးရုံ၌ ရင်ချင်းဆက်အမြွှာ ခွဲစိတ်မွေးဖွား

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ဇူလိုင် ၄ ရက်တွင် ရင်ချင်းဆက်အမြွှာ မိန်းကလေးငယ် နှစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားနိုင်ခဲ့ပြီး လိုအပ်သော ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ကလေးငယ်များအား ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီး (ရန်ကင်း)သို့ လွှဲပြောင်းကာ အထူးကြပ်မတ်ကုသမှုများ ပြုလုပ်ပေးလျက်ရှိပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း သိရသည်။

**ဇူလိုင် ၁၁ ရက်**

### အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ဖွင့်လှစ်

ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ပြီးစီးမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့ကျင်းပရာ နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။ အဆိုပါလေဆိပ်တွင် ခရီးသည် တစ်နှစ်လျှင် တစ်သိန်း ဝင်ထွက်အသုံးပြုနိုင်မည့် လေဆိပ်အဆောက်အအုံသစ်၊ လေယာဉ်ရပ်နားနေရာနှင့် လေကြောင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပြင်ဦးလွင်ဒေသ ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့အတူ နိုင်ငံတော်သမ္မတသည် ပြင်ဦးလွင်မြို့ရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

### ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများ အွန်လိုင်းစနစ်ဖြင့် ထုတ်ယူနိုင်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများကို DME Online Service Portal မှတစ်ဆင့် ဇူလိုင် ၁၄ ရက်မှ စတင်၍ ကြိုတင်ရက်ချိန်းလျှောက်ထားနိုင်ပြီး ဇူလိုင် ၁၆ ရက်မှစ၍ သတ်မှတ်နေရာများတွင် QR Code နှင့် လုပ်ငန်းစဉ်နံပါတ်ပြသ၍ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်သည်။

## တစ်ပတ်တာ ဖတ်စရာ

# ကမ္ဘာရေးရာ

### အမေရိကန်–အီရန်ဆွေးနွေးပွဲ ပါကစ္စတန် အိမ်ရှင်အဖြစ်ဆောင်ရွက်

အမေရိကန်နှင့် အီရန် ဇူလိုင် ၁၁ ရက် ဆွေးနွေးပွဲကို ပါကစ္စတန်က အိမ်ရှင်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ပိတ်ဆို့မှုများနှင့် နျူကလီးယား အရေးတို့ကို အဓိကထား ဆွေးနွေးကြရန်ရှိသည်။

### တရုတ်–ရုရှား ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု စတင်

တရုတ်နိုင်ငံ ချင်းတောင်မြို့တွင် Joint Sea–2026 ပူးတွဲပင်လယ်ပြင် စစ်ရေးလေ့ကျင့်မှုကို တရုတ်နှင့် ရုရှားတပ်ဖွဲ့များ စတင်ပြုလုပ်ခဲ့ကြသည်။

### အိုပက်ပလပ်စ် ရေနံထုတ်လုပ်မှု တိုးမြှင့်မည်

အိုပက်ပလပ်စ်အဖွဲ့ဝင်နိုင်ငံများက ဩဂုတ်လမှစ၍ရေနံစိမ်းထုတ်လုပ်မှုကို တစ်ရက်လျှင် စည် ၁၈၈၀၀၀ တိုးမြှင့်ရန် သဘောတူခဲ့သည်။

### အိန္ဒိယနှင့် အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တို တို့သည် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ လုံခြုံရေးနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူခဲ့ကြသည်။

### တရုတ်-လာအို ရထားလမ်း ကုန်စည်တန်ချိန် သန်း ၂၀ ကျော် သယ်ယူပို့ဆောင်

တရုတ်–လာအို ရထားလမ်းမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်စည်တန်ချိန် သန်း ၂၀ ကျော် သယ်ယူပို့ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

### ဂျာမနီနှင့် အမေရိကန် ATACMS ဒုံးကျည် ပူးတွဲထုတ်လုပ်မည်

ဂျာမနီနှင့် အမေရိကန်ကာကွယ်ရေးကုမ္ပဏီများသည် ATACMS ဒုံးကျည်များကို ဥရောပတွင် ပထမဆုံးအကြိမ် ပူးတွဲထုတ်လုပ်ရန် သဘောတူခဲ့ကြသည်။

### ဩစတြေးလျက အိန္ဒိယသို့ ယူရေနီယံ တင်ပို့မည်

ဩစတြေးလျနှင့် အိန္ဒိယတို့သည် နျူကလီးယားစွမ်းအင်အတွက် အသုံးပြုမည့် ယူရေနီယံတင်ပို့ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

### မီဆူဘီရှိက စက်ရုပ်လူသားများ ထုတ်လုပ်ရန်ကြိုးပမ်း

မီဆူဘီရှိကားကုမ္ပဏီသည် လူပုံစံစက်ရုပ်များ အမြောက်အမြား ထုတ်လုပ်နိုင်ရန် Highlanders ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး စက်ရုံများတွင် အသုံးပြုရန်နှင့် စီးပွားရေးလုပ်ငန်းများသို့လည်း ဖြန့်ချိမည်ဖြစ်သည်။

### အပူလှိုင်းကြောင့် ပါရီအထင်ကရနေရာများ ဖွင့်ချိန်လျှော့ချ

အပူချိန်မြင့်တက်မှုကြောင့် အီဖယ်တာဝါနှင့် ပါရီမြို့ရှိ ပြတိုက်များကို အချိန်စော၍ ပိတ်သိမ်းသွားမည်ဖြစ်သည်။

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Relative Pronouns (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စားသို့ အညွှန်းနာမ်စား) များအကြောင်းကို ပြည့်ပြည့်စုံစုံလေး ဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about health and lifestyle–III (ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘ၀နေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး ဘယ်လိုပြောမလဲ) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

ယခင်အပတ် Exercise (2) နှင့် (3) မှအဖြေများ

Exercise (2)

1.each other 2.one another 3.one another

4.each other 5.one another 6.each other

7.one another 8.one another 9.one another

10.each other

**Exercise (3)**

1.one another 2.one another 3.each other

4.each other 5.each other 6.one another

7.each other 8.one another 9.each other

10.one another

**Use of Relative Pronouns**

**who** → people and sometimes pet animals (လူပုဂ္ဂိုလ်များနှင့်တစ်ခါတစ်ရံအိမ်မွေး တိရစ္ဆာန်များ)

**which** → animals and things (သတ္တဝါများနှင့် အရာဝတ္ထုများ)

**that** → people, animals and things; informal (လူပုဂ္ဂိုလ်များ၊ သတ္တဝါများနှင့် အရာဝတ္ထုများ) အရပ်သုံး

**whose** → possessive meaning;for people and animals usually; sometimes for things in formal situations (ပိုင်ဆိုင်မှုကိုဖော်ပြ)

**whom** → people in formal styles or in writing; often with a preposition; rarely in conversation; used instead of who if who is the object (ဝါကျ၏ Object နေရာမှာသုံး) ဒီဘက်ခေတ်မှာတော့ who ကို Subject ရော Object ပါ နှစ်မျိုးလုံးသုံး

**no relative pronoun** → when the relative pronoun defines the object of the clause (Relative pronoun ဟာ ဝါကျပိုင်းရဲ့ objectဖြစ်ရင်)

၁။ ပုံမှန်အားဖြင့် who၊ whom နှင့် whose တို့ကိုလူပုဂ္ဂိုလ်များအတွက်သာ သုံးသည်။ ၎င်းတို့သည် တစ်ခုကိန်း နာမ်/နာမ်စား သို့မဟုတ် အများကိန်း နာမ်/နာမ်စားကို အသုံးပြုနိုင်သည်။ ဥပမာ–

- The man who is honest is trusted.
- He who is content is rich.
- Help those who need help.
- Nyo Mya is the girl whom I want to see.
- There are many wise men whom we do not know.
- Here comes the woman whose child is crying.
- The Headmaster meets the parents whose sons broke school discipline.

၂။ Which ကို တိရစ္ဆာန်များနှင့် သက်မဲ့ပစ္စည်းများအတွက် အသုံးပြုနိုင်သည်။ ဥပမာ–

- I kick the dog which barks at me.
- She likes the present which you give her.
- He has ten hens which lay eggs every day.
- The books which help you most are those which make you think.

၃။ That ကို လူပုဂ္ဂိုလ်များ၊ တိရစ္ဆာန်များ၊ သက်မဲ့ပစ္စည်းများအတွက် သုံးသည်။ That သည် တစ်ခုကိန်းနာမ်ကိုသော် လည်းကောင်း၊ အများကိန်းနာမ်ကိုသော် လည်းကောင်းရည်ညွှန်းသည်။ That ကို who နှင့် which တို့နေရာတွင် သုံးနိုင်သည်။ အထူးသဖြင့် Superlative degree (အသာလွန်ဆုံးအဆင့်) အသုံးပြုထားသည့် အခါ who နှင့် which ထက် that ကို ပိုသုံးသင့်သည်။ ထို့အပြင် any၊ more၊ all၊ nothing၊ some တို့ကို အသုံးပြုထားသည့် ဝါကျများတွင်လည်း that ကို သုံးသင့်သည်။ ဥပမာ–

- The wisest man that ever lived (in the world) made mistakes.
- Mya Mya is the best athlete that Myanmar has.
- This is the most expensive necklace that is on display.
- You can take any picture that you like.
- She likes none of the drawings that you show her.
- There is nothing that you can do to please her.
- All is well that ends well.

၄။ What ကို သက်မဲ့ပစ္စည်းများအတွက် သုံးသည်။ what သည် တစ်ခုကိန်းနာမ်ကိုသာ အမြဲရည်ညွှန်းသည်။ what ကို သုံးသည့်အခါ ၎င်းကိုယ်စားပြုသည့် နာမ်ကို ဝါကျထဲတွင် ဖော်ပြလေ့မရှိပေ။ what သည် that နှင့် which တို့နှင့် အဓိပ္ပာယ်ဆင်တူသည်။ ဥပမာ–

Give the child what it wants. I do not know what you mean.

What is done cannot be undone.

## Vocabulary Enrichment Programme

1. **above all = (အရေးအကြီးဆုံးကတော့)**
   **Above all, be honest.**
   **အရေးအကြီးဆုံးကတော့ ရိုးသားပါ။**
2. **add fuel to the fire = (ပြဿနာကို ပိုဆိုးစေခြင်း)**
   **His comments added fuel to the fire.**
   **သူ့ရဲ့မှတ်ချက်တွေက ပြဿနာကို ပိုဆိုးစေတယ်။**
3. **against the clock = (အချိန်နှင့်အပြိုင်လုပ်ရခြင်း)**
   **We're working against the clock.**
   **ငါတို့ဟာ အချိန်နဲ့အပြိုင်အလုပ်လုပ်နေရတယ်။**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



**Shortest way to talk about health and lifestyle–II (ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘ၀နေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး ဘယ်လိုပြောမလဲ)**

Shortest way to talk about health and lifestyle–III ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘ၀နေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး ဘယ်လိုပြောမလဲ)

1. I'm trying to ......... (cut down).
2. I didn't think you were a ......... (big drinker).
3. I still get ......... (cravings).
4. Coffee is my ......... (vice).
5. Coffee's not so bad, ......... (in moderation).

၁။ တစ်ခုခုကို အရင်ကလောက် မလုပ်တော့ဘဲ လျှော့ချလိုက်တယ်လို့ ပြောချင်ရင် cut down နဲ့ သုံးပါတယ်။ ဒီမှာကတော့ လျှော့ချဖို့ကြိုးစားနေတယ်လို့ ပြောချင်တဲ့အတွက် I'm trying နဲ့ တွဲပြောနိုင်ပါတယ်။ ဥပမာ–

– I'm trying to cut down on my drinking.

– I'm trying to cut down on sugar.

၂။ ဒီနေရာမှာ အရက်အများကြီးသောက်တဲ့သူကို a big drinker လို့ ပြောနိုင်ပါတယ်။ ဆေးလိပ်အများကြီးသောက်တဲ့သူကို a big smoker၊ အစားအများကြီးစားတဲ့သူကို a big eater လို့ ပြောနိုင်ပါတယ်။ ဥပမာ–

– I didn't think you were a big drinker.

၃။ တစ်ခုခုအတွက် အရမ်းစိတ်အားထက်သန်တာ (အာသာပြင်းပြတာ) ကို craving နဲ့ သုံးပါတယ်။ သို့မဟုတ် တစ်ခုခုကို စွဲလမ်းနေတာမျိုးမှာလည်း သုံးနိုင်ပါတယ်။ ဥပမာ–

– If you smoke, and then you stop, you'll probably feel cravings.

၄။ မကောင်းတဲ့အကျင့် (အကျင့်ဆိုး) ရှိတာကို vice နဲ့ သုံးပါတယ်။ ဒီနေရာမှာ ကော်ဖီကို အများကြီးသောက်တယ် (ကော်ဖီသောက်တာက ငါ့ရဲ့အကျင့်ဆိုး) လို့ ပြောတာကို –

– Coffee is my vice. နဲ့ပြောပါတယ်။

၅။ သိပ်မလုပ်ဖြစ်ဘူး၊ သိပ်မသောက်ဖြစ်ဘူးလို့ (အသင့်အတင့်လောက်ပဲလို့) ပြောချင်ရင်တော့ in moderation နဲ့သုံးပါတယ်။ ဥပမာ–

– Coffee is not so bad, in moderation.

**Conversation**

Bad Habits

Susan: Beer?

Tom: Oh, no thanks. I'm trying to cut down.

Susan: Really? I didn't think you were a big drinker.

Tom: I'm not, but I'm trying to quit smoking. I've tried five times, and this time I'm determined to make it stick. I associate smoking with drinking, so I feel like it's easier not to drink, too.

Susan: That makes sense. I've heard a lot of people say similar things. So, how's it going?

Tom: It's been two weeks, which is pretty good. I still get cravings but they're not as strong as they were. I feel much better already, though.

Susan: I guess I'm lucky that I've never been tempted by smoking. Coffee is my vice. I've tried to cut down, but I could never give it up completely.

Tom: Well, coffee's not so bad, in moderation.

Susan: Yeah. Does six cups a day count as 'moderation'?

Tom: Hmm…

# ငလျင်ကြောင့် ဗင်နီဇွဲလားရှိ အဆောက်အအုံတစ်သောင်း ပြန်လည်အသုံးမပြုနိုင်




**ကာရာကတ်စ် ဇူလိုင် ၁၂**

ဗင်နီဇွဲလားနိုင်ငံ၌ ပြီးခဲ့သည့်လက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်နှစ်ခုကြောင့် အဆောက်အအုံများစွာ ပျက်စီးခဲ့ပြီး ယင်းအနက် အဆောက်အအုံ ၁၀၀၀၀ ခန့်မှာ ပြန်လည်အသုံးပြု၍ မရနိုင်တော့ကြောင်း ကျွမ်းကျင်သူများအဖွဲ့က ခန့်မှန်းထားသည်။

ဇွန် ၂၄ ရက်က ဖြစ်ပွားခဲ့သည့် ငလျင်များအပြီး သီတင်းနှစ်ပတ်ကျော် ကြာမြင့်လာသော်လည်း ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက်အထိ အတည်ပြုသေဆုံးသူ ၄၃၃၃ ဦးရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။ ထို့ပြင် အက်ကွဲကြောင်းများနှင့် အပေါက်များဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံ ၃၀၀၀၀ မှ ၅၀၀၀၀ အထိမှာ ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## အီဘိုလာတိုက်ဖျက်ရေးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ပေးရန် အာဖရိက CDC တိုက်တွန်း

**အဒစ်အဘာဘာ ဇူလိုင် ၁၂**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အမေရိကန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းတစ်ဦးတွင် ရောဂါကူးစက်ခံထားရကြောင်း အတည်ပြုပြီးနောက် ကျန်းမာရေးဝန်ထမ်းများအား အကာအကွယ်ပေးရန် အရေးပေါ်လိုအပ်ချက် ပိုမိုမြင့်မားလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(Africa CDC)က ပြောကြားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ဘွန်ဒီဘူဂျိုဒေသ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုအတွင်း ကျန်းမာရေးဝန်ထမ်း ၁၁၂ ဦးခန့် ကူးစက်ခံခဲ့ရပြီး ၃၅ ဦး သေဆုံးခဲ့ကြောင်း နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

ယုံကြည်စိတ်ချရသည့် အကာအကွယ်ဝတ်စုံများ၊ ထိရောက်သည့် ကူးစက်မှုကာကွယ်ရေးစနစ်များ၊ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးမှုများနှင့် လုံခြုံစိတ်ချရသည့် လုပ်ငန်းခွင်အခြေအနေများသည် လူတိုင်းအတွက် အရေးကြီးကြောင်း အာဖရိက CDC ညွှန်ကြားရေးမှူးချုပ် ဂျင်းကက်ဆီယာက ပြောကြားသည်။

**ဆင်ဟွာ**

## ပေါ်တူဂီ၌ ထောင်နှင့်ချီ ရေပြတ်လပ်မှုကြုံတွေ့

**လစ္စဘွန်း ဇူလိုင် ၁၂**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တောင်ပိုင်း အယ်မာဒါမြို့၌ ဒေသခံများနှင့် ခရီးသွားများအပါအဝင် လူထောင်ပေါင်းများစွာသည် ဆိုးရွားသည့် ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

နွေရာသီအပူချိန် မြင့်တက်လာမှုကြောင့် ရေသုံးစွဲမှု စံချိန်တင်မြင့်တက်လာပြီး ပြင်းထန်သည့် ရေရှားပါးမှုအခြေအနေ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် အာဏာပိုင်များသည် ရပ်ကွက်အများအပြားတွင် ညအချိန် ရေပေးဝေမှု ယာယီဖြတ်တောက်သည့် အစီအစဉ်များကို ဆောင်ရွက်နေရသည်။

အယ်မာဒါမြို့ရှိ နေရာ ၁၁ ခုတွင် ဇူလိုင် ၁၂ ရက် ည ၁၀ နာရီမှ ဇူလိုင် ၁၃ ရက် နံနက် ၆ နာရီအထိ ရေပေးဝေမှု လုံးဝဖြတ်တောက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအစီအစဉ်မှာ ရေသိုလှောင်ကန်များတွင် ရေပြန်လည်ဖြည့်တင်းနိုင်ရန် ရည်ရွယ်၍ မြူနီစီပယ်အဖွဲ့က အလှည့်ကျ ရေပေးဝေသည့်စနစ်ကို ကျင့်သုံးခြင်းဖြစ်သည်။

ထို့ပြင် ညအချိန် ရေပေးဝေမှုဖြတ်တောက်ခြင်းအပြင် ဥယျာဉ်များ၊ ဂေါက်ကွင်းများ၊ ကားရေဆေးလုပ်ငန်းများ၊ ရေကူးကန်များတွင် ရေဖြည့်ခြင်း၊ ကမ်းခြေရေချိုးခန်းများနှင့် ခြေဆေးကန်များ၌ အများပြည်သူပိုင်ရေအသုံးပြုခြင်းများကိုလည်း အာဏာပိုင်များက ပိတ်ပင်ထားသည်။

အဆိုပါမြို့သည် ပေါ်တူဂီနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်သဖြင့် ရေရှားပါးမှုအခြေအနေသည် ဒေသတွင်း ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယား၌ ကိုးလအရွယ်ကလေးတွင် ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိ

**ဖနောင်ပင် ဇူလိုင် ၁၂**

ကမ္ဘောဒီးယားနိုင်ငံ၌ အသက် ကိုးလအရွယ် မိန်းကလေးတစ်ဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ ယင်းသည် ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံအတွင်း လူတွင်ဖြစ်ပွားသည့် ကြက်ငှက်တုပ်ကွေးရောဂါ ပဉ္စမမြောက်ဖြစ်ပွားမှုဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဖနောင်ပင်မြို့ Meanchey ခရိုင်ရှိ ကျေးရွာတစ်ရွာမှ အဆိုပါနို့စို့ကလေးတွင် ကြာသပတေးနေ့က ဗိုင်းရပ်စ်ပိုး စစ်ဆေးတွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကြက်ငှက်တုပ်ကွေး ရောဂါသည် ကြက်၊ ဘဲ စသည့်တိရစ္ဆာန်များအကြား ပျံ့နှံ့ဖြစ်ပွားနိုင်သည့်အပြင် လူများထံသို့လည်း ကူးစက်နိုင်ပြီး ဖျားနာခြင်း၊ ချောင်းဆိုးခြင်းမှစ၍ ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**



## ဂျပန်အနောက်ပိုင်း၌ အပူချိန်မြင့်တက်၍ မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနိုင်

**တိုကျို ဇူလိုင် ၁၂**

ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသများ၌ ဇူလိုင် ၁၂ ရက်က အပူချိန်မြင့်တက်ခဲ့ရာ အထူးသဖြင့် ကျူရှူးဒေသတွင် နေ့အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်အထိ ရှိလာနိုင်သဖြင့် ပြည်သူများအား အပူဒဏ်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားကြရန် တာဝန်ရှိသူများက အကြံပြုထားသည်။

အိုအိတာခရိုင် ဟိတာမြို့၌ အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်အထိရှိနိုင်ပြီး ဖူကူအိုကာနှင့် ကူမာမိုတိုမြို့များတွင် ၃၈ ဒီဂရီဆဲလ်စီးယပ်အထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ကင်းခိဒေသမှ အိုခီနာဝါအထိ ခရိုင် ၁၂ ခုတွင် အပူချိန်လွန်ကဲမှု သတိပေးချက်များ ထုတ်ပြန်ထားသည်။

တစ်ချိန်တည်းတွင် စိုထိုင်းသောလေထုများသည် နိုင်ငံမြောက်ပိုင်းသို့ ရွေ့လျားလာခြင်းကြောင့် လေထုမတည်ငြိမ်မှုများ ဖြစ်ပေါ်နေပြီး မိုးတိမ်တောင်များ ဖုံးလွှမ်းနေကြောင်း သိရသည်။ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒေသများတွင် မိုးရေချိန် ၁၅၀ မီလီမီတာအထိ ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ကနေဒါ၌ တိုရွန်တိုနှစ်ရက်ကြာပွဲတော်အတွင်း ပစ်ခတ်မှုဖြစ်ပွား

**အော့တဝါ ဇူလိုင် ၁၂**

ကနေဒါနိုင်ငံ၏ အကြီးဆုံးမြို့ တိုရွန်တို၌ နှစ်ရက်ကြာကျင်းပသည့် ပွဲတော်အတွင်း ဇူလိုင် ၁၁ ရက် ညပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာကို လုံခြုံရေးအရ ထိန်းသိမ်းထားပြီးဖြစ်ကာ ပြည်သူများအနေဖြင့် ယင်းနေရာကို ရှောင်ရှားကြရန်နှင့် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများ၏ ညွှန်ကြားချက်များကို လိုက်နာကြရန် ရဲတပ်ဖွဲ့က တိုက်တွန်းထားသည်။

လက်ရှိအချိန်တွင် ထပ်မံထိခိုက်သေဆုံးသူများ မရှိသေးကြောင်း သိရသည်။ အဆိုပါ နှစ်ရက်ကြာပွဲတော်သို့ နှစ်စဉ် လူပေါင်းသိန်းနှင့်ချီ လာရောက်ပါဝင်ကြကြောင်း သိရသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုကြောင့် ၅၁ ဦးသေဆုံးပြီး တစ်သန်းကျော် ရေဘေးသင့်

**ဒါကာ ဇူလိုင် ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရာအချို့ကို တစ်ပတ်ကြာရေလွှမ်းမိုးမှုဖြစ်စေခဲ့သည့် ရေကြီးမှုကြောင့် ၅၁ ဦးခန့် သေဆုံးခဲ့သည်ဟု အဆင့်မြင့်အရာရှိတစ်ဦးက ဇူလိုင် ၁၂ ရက်တွင် ပြောသည်။

**လူတစ်သန်းကျော်ပိတ်မိ**

သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေး ဝန်ကြီးဌာနက နောက်ဆုံး ထုတ်ပြန်ထားသည့် အချက်အလက်များအရ နိုင်ငံအတွင်းခရိုင် ၆၄ ခုအနက် ခုနစ်ခုတွင် ရေကြီးမှုကြောင့် ပိတ်မိနေသည့် လူပေါင်း ၁ ဒသမ ၀၂ သန်းကျော်ရှိသည်ဟု သိရသည်။

**၂၆၇၉၁၈ ဦး**

**သဘာဝဘေးဒဏ်ခံစား**

ဇူလိုင် ၆ ရက်မှ စတင်၍ ရေကြီးမှုကြောင့် သေဆုံးသူ ၅၁ ဦးခန့်ရှိပြီး မိသားစုပေါင်း ၂၆၇၉၁၈ ဦးမှာ သဘာဝဘေးဒဏ်ခံစားခဲ့ရသည်ဟု ဝန်ကြီးဌာန၏အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့များကို တာဝန်ချထားပြီး ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခဲ့သည်။

**လူပေါင်း ၅၀၀၀၀ နီးပါးခိုလှုံ**

ခိုလှုံရာနေရာများ၌ လူပေါင်း ၅၀၀၀၀ နီးပါး ခိုလှုံလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## အယ်လ်ဂျီးရီးယား၌ အပူလှိုင်းကြောင့် တစ်ရက်အတွင်း တောမီး ၁၂၇ မှု ဖြစ်ပွား

**အယ်လ်ဂျီးယား ဇူလိုင် ၁၂**

အယ်လ်ဂျီးရီးယားနိုင်ငံ ဒေသအများအပြား၌ ဆက်တိုက်ဖြစ်ပေါ်နေသည့် အပူလှိုင်းကြောင့် သဘာဝပေါက်ပင်များ မီးလောင်ပြီး တောမီးဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက လွန်ခဲ့သည့် ၂၄ နာရီအတွင်း မီးလောင်မှု ၁၂၇ မှုကို ငြိမ်းသတ်ခဲ့ကြောင်း နိုင်ငံ၏ အရပ်ဘက်ကာကွယ်ရေးဌာနက ဇူလိုင် ၁၁ ရက်တွင် ပြောကြားသည်။

နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ပြည်နယ်အများအပြားတွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုများအားလုံးကို အပြီးသတ် ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အပူချိန်မြင့်မားခြင်းနှင့် ခြောက်သွေ့သော ရာသီဥတုအခြေအနေများကြောင့် တောမီးလောင်မှုအန္တရာယ် မြင့်တက်လာပြီး မီးလောင်ပျံ့နှံ့မှု ပိုမိုမြန်ဆန်လာနိုင်ကြောင်း အရပ်ဘက်ကာကွယ်ရေးဌာနက သတိပေးထားသည်။

**ဆင်ဟွာ**

## မြို့သစ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်

မြို့သစ် ဇူလိုင် ၁၂



အင်အားဝန်ကြီးဌာန မြို့သစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ မြို့နယ် ဦးစီးမှူး ဦးတင်လှကြည်နှင့် ဝန်ထမ်းများသည် လမင်းစီမံချက်ဖြင့် အသက် (၁၀) နှစ်ပြည့်ပြီး ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့က ဝွေးကုန်း အရှေ့ကျေးရွာ မိုးကုတ်ဝိပဿနာ စည်ပင်သာယာ ဘုန်းတော်ကြီးကျောင်း၌ နေ့ချင်းပြီးဆောင်ရွက်ရာ မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) ဦးစိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး အလက (ဝွေးကုန်း) ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)



## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း

ရေး ဇူလိုင် ၁၂

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ(ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆု ရရှိသူများအား (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးပြီး မြို့နယ်ဥပဒေအရာရှိ ဦးမင်းထိုက်က သင်တန်းသား ၃၂ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ရှင်းသန့်ဖြူ

## တံတားဦးမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

တံတားဦး ဇူလိုင် ၁၂

၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက တံတားဦးမြို့နယ် တောင်ဘီလူအခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသူများက သစ်မျိုးငါးမျိုး ကံ့ကော်၊ မယ်ဇယ်၊ တမာ၊ ကုက္ကို၊ ယူကလစ် ပျိုးပင် ၂၅၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။ ရဲတင့်(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ စားအုန်းဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များအား ဇူလိုင် ၁၁ ရက်က မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ပူးပေါင်းအဖွဲ့က စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း အလေးချိန်မှန်ကန်မှု ရှိ/မရှိ နှင့် ဆီပိဿာချိန်များကို ဌာနမှချမှတ်ထားသော မှန်ခြောက်မှန်နှင့်အညီ ပြည်သူများထံ အမှန်တကယ် ရောင်းချမှုရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ မျိုးမင်း(ပြန်/ဆက်)

## မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် ဇူလိုင် ၁၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

### နိုင်ငံတကာအားကစား

## ပေါ်တူဂီက မာတီနက်ဇ်၏ နေရာကို ဝါရင့်နည်းပြ ဇော့ဇီဇုစ်ဖြင့် အစားထိုး ခန့်အပ်

ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်သည် ရော်ဘတ်တိုမာတီနက်ဇ်၏ နေရာကို ဇော့ဇီဇုစ်ဖြင့် အစားထိုးခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ အသက် ၇၁ နှစ်အရွယ် ဇီဇုစ်သည် လာမည့် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်၊ ၂၀၂၈ ယူအီးအက်ဖ်အေ ဥရောပချန်ပီယံရှစ်နှင့် ၂၀၃၀ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေါ်တူဂီအသင်းကို တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါ နည်းပြသည် ဘင်ဖီကာ၊ စပို့တင်း၊ ဖလာမင်ဂို၊ ဖီနာဘာချီ၊ အယ်ဟီလယ်အသင်းတို့အပါအဝင် အသင်းပေါင်းများစွာ နည်းပြခဲ့ဖူးပြီး နည်းပြအတွေ့အကြုံ ဆယ်စုနှစ် လေးစုနီးပါးရှိသူဖြစ်ကာ ပေါ်တူဂီ၊ ဘရာဇီးနှင့် ဆော်ဒီအာရေဗျတို့တွင် ဆုဖလားများစွာ ဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားသည်။ ပေါ်တူဂီအသင်းသည် ယခု နှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် စပိန်ကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

## တောင်အာဖရိက ကွင်းလယ်ကစားသမား ဂျေဒန်အဒမ်စ် ကွယ်လွန်

အသက် ၂၅ နှစ်အရွယ် တောင်အာဖရိကနှင့် မာမယ်လိုဒီ ဆန်းဒေါင်းစ်အသင်း ကွင်းလယ်ကစားသမားဂျေဒန်အဒမ်စ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ငံအသင်းအတွက် ပါဝင်ကစားပေးပြီး သီတင်းပတ် အနည်းငယ်အကြာတွင် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သိရသည်။

အဒမ်စ်သည် တောင်အာဖရိကအသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်သုံးပွဲစလုံးကို ပါဝင်ကစားထားသူဖြစ်သည်။ တောင်အာဖရိကအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်တွင် ပူးတွဲအိမ်ရှင် ကနေဒါအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် အသင်းဖြစ်သည်။

အဒမ်စ် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် အလွန်ထိတ်လန့်တုန်လှုပ်မိပြီး ဝမ်းနည်းရကြောင်း တောင်အာဖရိက အားကစား၊ အနုပညာနှင့် ယဉ်ကျေးမှုဝန်ကြီး ဂေတန်မက်ကန်ဇီက ပြောသည်။



### နောက်ဆုံးရ အားကစားသတင်းတိုများ

- အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပို့တင်းအသင်းမှ ဒိန်းမတ်ကွင်းလယ်ကစားသမား မာတင်ယူးလ်မန်းကို ယူရို သန်း ၄၀ ဖြင့် ခေါ်ယူမှု ဇူလိုင် ၁၁ ရက်တွင် အတည်ပြုခဲ့သည်။
- ရီးရဲမက်ဒရစ်အသင်း ဘယ်ခံစစ်ကစားသမား ဖရန်ဂါစီယာသည် ယူရိုလေးသန်းဝန်းကျင်ဖြင့် ဘက်တစ်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။
- ဘရာဇီးတောင်ပံတိုက်စစ်ကစားသမား ဗီနီစီးယပ်စ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် နော်ဝေအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အတွက် ပရိသတ်များကို တောင်းပန်လိုက်သည်။

## အီဂျစ်၏ သမိုင်းဝင်ခြေစွမ်းကို သမ္မတ ဂုဏ်ပြု

အီဂျစ်သမ္မတ အဗ္ဗဒဲလ်ဖာတာအယ်လ်စီစီသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သမိုင်းဝင်ခြေစွမ်းပြသနိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်း၊ နည်းပြအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကို ဇူလိုင် ၁၁ ရက်တွင် ဂုဏ်ပြုခဲ့ကြောင်း သိရသည်။ အီဂျစ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်တွင် ဩစတြေးလျအသင်းကို အနိုင်ယူပြီး သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ၁၆ သင်းအဆင့် တက်လှမ်းနိုင်ခဲ့သည်။ ၁၆ သင်းအဆင့်တွင် အီဂျစ်အသင်းသည် အာဂျင်တီးနားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။



## ချက်ဇ်တင်းနစ်မယ် နော့စကိုဗာ ဝင်ဘယ်ဒန်ဖလား ပထမဆုံးအကြိမ် ဆွတ်ခူး

ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ချက်ဇ်တင်းနစ်မယ် လင်ဒါနော့စကိုဗာသည် တစ်နိုင်ငံတည်းသူ ကာရိုလိုင်နာ မူချိုဗာကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၂၊ ၅-၇၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ပထမဆုံးအကြိမ် ဂရင်းဆလမ်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၂၁ နှစ်အရွယ် နော့စကိုဗာသည် ပြိုင်ပွဲတစ်လျှောက်တွင် ဆာစတီယာ၊ မက်ဒီဆင်ကီးစ်၊ မာတင်စ်၊ ကော့ကျူခ်တို့ကို ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်းလာသူ ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း တစ်နိုင်ငံတည်းသူ မူချိုဗာကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ထိုက်ထိုက်တန်တန်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် မူချိုဗာသည် ပြိုင်ပွဲတစ်လျှောက် ကျန်းရွှေ၊ ဘာဘိုရာ၊ အိုဆာကာ၊ ကိုကိုဂေါ့ဖ်စသည့် ထိပ်တန်းတင်းနစ်မယ်များကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် နော့စကိုဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။

■ မိုးဇက် - စုစည်းရေးသားသည်

# မိုးရာသီကာလအတွင်း ရော်ဘာစိုက်ခင်းပြုစုထိန်းသိမ်းခြင်းနှင့် မိုးကာအုပ်အစေးခြစ်ခြင်း

တေဇာဝင်း(နှစ်ရှည်ပင်သုတေသန)

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ ပို့ကုန်ကဏ္ဍတွင် ရော်ဘာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် တင်ပို့ရောင်းချခြင်းလုပ်ငန်းသည် အဓိကကျသော ပို့ကုန်ကဏ္ဍတစ်ခုဖြစ်သည်။ ထိုသို့ မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသော ရော်ဘာသီးနှံ သည် နှစ်ရှည်ပင် အမျိုးအစားဖြစ်ပြီး ရာသီဥတုအခြေအနေအပေါ် မူတည်၍ စနစ်တကျ ပြုစုစောင့်ရှောက်ရန် လိုအပ်သည်။**

အထူးသဖြင့် မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသော ဇူလိုင်လသည် ရော်ဘာပင်များအတွက် ရောဂါကျရောက်မှုအများဆုံးနှင့် ထိန်းသိမ်းရအခက်ဆုံးအချိန်ဖြစ်သည်။ ရော်ဘာစိုက်တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထားသော စိုက်ခင်းများတွင် ရော်ဘာပင်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန်နှင့် အပင်သေဆုံးမှုရှိပါကလည်း အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

**စိုက်ခင်းအသစ် စိုက်ပျိုးခြင်းနှင့် ဖာထေးခြင်း**

မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေအရ ရော်ဘာစိုက်ပျိုးရန် အကောင်းဆုံးအချိန်သည် မိုးဦးကာလဖြစ်ပြီး ဇူလိုင်လကုန် နောက်ဆုံးထား၍ စိုက်ပျိုးခြင်းနှင့် အပင်ဖာထေးခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်သင့်သည်။ ဇူလိုင်လထက်နောက်ကျပြီး စိုက်ပျိုးပါက အပင်အသေအပျောက်များနိုင်သဖြင့် ကျန်းမာသန်စွမ်းသည့် (နှစ်ဖုံရင့်) ဖူးဆက် ရော်ဘာပျိုးပင်များအား အမြန်ဆုံး မြေချစိုက်ပျိုးရပါမည်။

ထို့အပြင် မြေချစိုက်ပျိုးပြီးချိန်မှ တစ်လအတွင်း အပင်အသေအပျောက်များ ရှိ မရှိကို သေချာစွာ စစ်ဆေး၍ အပင်သေပျောက်မှုရှိပါက အမြန်ဆုံး ဖာထေးစိုက်ပျိုးခြင်းကို ဇူလိုင်လအတွင်း အပြီးသတ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ပိုးမွှား တိရစ္ဆာန်များဖြစ်သည့် ကြွက်၊ ပွေးတို့၏ အန္တရာယ်ကိုလည်း ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ထားရန် လိုအပ်သည်။ ယင်းအပြင် အပင်ခြေ ရေမဝပ်အောင် ဆောင်ရွက်ခြင်း၊ နွယ်ပင်များ ရစ်ပတ်နေပါက ဖြတ်တောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကိုလည်း အပြီးသတ်ဆောင်ရွက်ရန် လိုအပ်သည်။

**ပေါင်းမြက်ရှင်းလင်းခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်း**

ဇူလိုင်လတွင် ပေါင်းမြက်များ အလွန်အကျွံပေါက်ရောက်လေ့ရှိသည့်အတွက် ပေါင်းမြက်များသည် ရော်ဘာပင်၏ အာဟာရဓာတ်များကို ခွဲဝေယူသောကြောင့် အပင်ကြီးထွားမှုကို ထိခိုက်စေပြီး ရောဂါပိုးမွှားများ (ပွေး/ကြွက်) ခိုအောင်းရာနေရာ ဖြစ်စေနိုင်သည်။ အပင်ခြေတစ်ဝိုက်ရှိ ပေါင်းမြက်များကို ရှင်းလင်းပေးခြင်းဖြင့် စိုက်ခင်းအတွင်း လေဝင်လေထွက် ကောင်းမွန်စေပြီး စိုထိုင်းဆကို လျော့နည်းစေကာ မှိုရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။

ယခုနှစ်စိုက်ပျိုးသော စိုက်ခင်း၊ ပင်ပျိုထိန်းသိမ်းစိုက်ခင်း၊ အစေးခြစ်နေသည့် စိုက်ခင်းအားလုံးတွင် အပင်လိုင်းတန်းကြားရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပင်ခြေ သုံးပေပတ်လည် အဝိုင်းရှင်းခြင်းတို့ကို ဆောင်ရွက်ရပါမည်။ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ရန်နှင့် ပေါင်းမြက်ပေါက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက် ပဲမျိုးရင်းဝင် မြေဖုံးအပင်များဖြစ်သော ထောက်လှန့်နွယ်ပင်၊ ပဲနေ့ဘ်ပင်များကို စိုက်ပျိုးနိုင်သည်။

**မြေဩဇာ အာဟာရဖြည့်တင်းခြင်း**

ပုံမှန်အားဖြင့် ရော်ဘာပင်များကို မိုးဦးကာလတွင် မေ/ဇွန်လနှင့် မိုးနှောင်းကာလတွင် စက်တင်ဘာလ/အောက်တိုဘာလများတွင် မြေဩဇာကျွေးလေ့ရှိပါသည်။ ဇူလိုင်လသည် မိုးသည်းထန်လွန်းသဖြင့် မြေဩဇာကျွေးပါက မိုးရေနှင့်အတူ ပါသွားနိုင်ခြေများသည်။ ထို့ကြောင့် မိုးနှောင်းမြေဩဇာကျွေးမည်ဆိုပါက မိုးနည်းပါးသွားချိန်ကို စောင့်ဆိုင်း၍ကျွေးရန် အကြံပြုလိုပါသည်။ ယနေ့အချိန်အခါတွင် ဓာတ်မြေဩဇာ တစ်မျိုးတည်းကျွေးခြင်းထက် ဓာတ်မြေဩဇာ တစ်ဆနှင့် သဘာဝမြေဩဇာ (နွားချေး /ကြက်ချေး/ဘိုကာရှီ) သုံးဆတို့ကို ရောစပ်ကျွေးခြင်းဖြင့် မြေဆီလွှာ၏ ဖွဲ့စည်းပုံနှင့် အာဟာရဓာတ်ကို တိုးတက်စေနိုင်သည်။


မိုးကာအုပ်၍ ရော်ဘာအစေးခြစ်နေပုံ။

**မိုးရာသီကာလတွင် အစေးခြစ်ရပ်နားခြင်းမပြုဘဲ Rain Guard Tapping (မိုးကာအုပ်အစေးခြစ်စနစ်)ကို စနစ်တကျတပ်ဆင် အသုံးပြုခြင်းဖြင့် ရော်ဘာစိုက်တောင်သူများအနေဖြင့် အထွက်တိုး၊ ဝင်ငွေ တိုးတက်ကောင်းမွန်ကာ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာနိုင်မည်**

**အစေးခြစ်ခြင်း**

မိုးရာသီကာလသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက် အစေးခြစ်ရန် အခက်အခဲများစွာရှိသော အချိန်ဖြစ်သည့်အတွက် အစေးခြစ်ရပ်နားထားရပါသည်။ ထိုအချိန်တွင် မိုးကာအုပ်အစေးခြစ်ခြင်း (Rain Guard Tapping) နည်းပညာကို အသုံးပြု၍ အစေးခြစ်မည်ဆိုပါက ရော်ဘာအထွက်ပိုမိုရရှိနိုင်မည်ဖြစ်သည်။

မိုးကာအုပ်အစေးခြစ်ခြင်းတွင် အဓိကအားဖြင့် Apron/Skirt Type Rain Guard (စကတ်ပုံစံ မိုးကာ)၊ Gutter Type Rain Guard (ရေတံလျှောက်ပုံစံ မိုးကာ)နှင့် Poly bag/ Cap Type Rain Guard (ပလတ်စတစ်အိတ် (သို့မဟုတ်) ဦးထုပ်ပုံစံဖြင့် အုပ်ထားသော မိုးကာပုံစံ) ဟူ၍ မိုးကာပုံစံ အမျိုးအစားသုံးမျိုးကို အသုံးပြုလေ့ရှိပါသည်။ စကတ်ပုံစံ မိုးကာအမျိုးအစားကို ပိုမိုအသုံးပြုလေ့ရှိပြီး ရော်ဘာပင်၏ ပင်စည်ကို ဝန်းရံကာကွယ်ပေးသည့်ပုံစံ ဖြစ်သည်။

ပုံမှန်အားဖြင့် ပလတ်စတစ် (သို့မဟုတ်) အခြားရေစိုခံပစ္စည်းများဖြင့် ပြုလုပ်ထားပြီး ရော်ဘာပင်၏ အစေးခြစ်ထားသော နေရာအပေါ်တွင်ကပ်၍ တပ်ဆင်ထားခြင်းဖြစ်သည်။ မိုးကာအုပ်အစေးခြစ်စနစ် တပ်ဆင်ရန်အတွက် လိုအပ်သောပစ္စည်းများမှာ - ပလတ်စတစ် (polyethene) Apron Type အကျယ် ၆၀ စင်တီမီတာ(၂၄လက်မ) ရှိသော(ဂိတ် ၃၀၀ သို့မဟုတ် ဂိတ် ၁၅၀ နှစ်ထပ်) ပလတ်စတစ်၊ Bitumen Compound (ခေါ်) Rainguard Com- pound (မိုးရေကာ ဒြပ်ပေါင်း)၊ စုတ်တံ၊ ချုပ်စက်နှင့် ချုပ်အပ်များ၊ Plastic tape (ပလတ်စတစ်တိပ် အပြားကြီး )တို့ ဖြစ်ပါသည်။

**မိုးကာတပ်ဆင်နည်း အဆင့်ဆင့်**

မိုးကာတပ်ဆင်မည့်ပင်စည်မှာ လုံးဝခြောက်သွေ့နေရန် လိုအပ်ပြီး အစေးခြစ်မျက်နှာစာအပေါ်ဘက် (သုံးလက်မခန့်အကွာ) ရှိ အခေါက်ကြမ်းများ၊ မှိုများ၊ အညှိများကို ဓားဖြင့်ခြစ်ကုတ်သန့်ရှင်းပေးပါ။

သန့်ရှင်းရေးလုပ်ထားသောနေရာတွင် မိုးရေကာဒြပ်ပေါင်းကို ပတ်ပတ်လည် (သို့မဟုတ်) အစေးခြစ်မြောင်းအပေါ်တည့်တည့်တွင် စုတ်တံဖြင့် ညီညာစွာ သုတ်ပေးရပါမည်။

ဖြတ်တောက်ထားသော မိုးကာပလတ်စတစ်စကို မိုးရေကာဒြပ်ပေါင်း သုတ်ထားသောနေရာပေါ်တွင်တင်၍ လှိုင်းတွန့်များအတိုင်း မိုးရေလုံးဝမဝင်စေရန် သေချာစွာ ဖိကပ်ထားရပါမည်။

ပလတ်စတစ်အပေါ် အနားစွန်းများကို ပိုမိုခိုင်ခံ့စေရန်နှင့် ရေမဝင်စေရန် ပလတ်စတစ်တိပ်ဖြင့် ရော်ဘာပင်ကိုပတ်၍ တင်းကျပ်စွာ ထပ်မံကပ်ထားပေးရမည်။

စတာပလာဖြင့် တွဲရိုက်၍လည်း ရပါသည်။ ပလတ်စတစ်၏ အောက်ခြေကို အစေးခြစ်မျက်နှာစာနှင့် အစေးခံခွက်ပေါ်သို့ စကတ်ကဲ့သို့ လွှမ်းအုပ်ဖြန့်ချပေးရပါမည်။ လေတိုက်ပါက လန်မတက်စေရန် ပလတ်စတစ်စကတ်အောက်နားစွန်းကို ဝိုင်ယာကြိုး (သို့မဟုတ်) နီးဖြင့် ပင်စည်တွင် ချောင်ချောင်လေး ချည်နှောင်ထားနိုင်ပါသည်။

ဖော်ပြပါ မိုးကာအုပ်အစေးခြစ်စနစ် တပ်ဆင်အသုံးပြု၍ အစေးခြစ်နည်းအဆင့်ဆင့်ကို လက်တွေ့လေ့လာဆောင်ရွက်လိုပါက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ) နှင့် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (အင်းတကော်) တို့တွင် လာရောက်လေ့လာနိုင်ပါသည်။ မိုးကာအုပ်အစေးခြစ်စနစ် တပ်ဆင်အသုံးပြုခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည် -

မိုးရာသီတွင် အစေးခြစ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သဖြင့် တစ်နှစ်စာ အစေးထွက်နှုန်းကို ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိနိုင်ပါသည်။ အထွက်တိုး၍ တောင်သူများ၏ ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ပါသည်။ တပ်ဆင်ထားသော မိုးကာ(Rain Guard) သည် မိုးရေနှင့်ရော်ဘာအစေးရည်များ ရောနှောခြင်းမှ ကာကွယ်ပေးသဖြင့် အစေးသားကောင်းမွန်ပြီး ရော်ဘာအရည်အသွေးကို ထိန်းသိမ်းထားနိုင်ပါသည်။ မိုးတွင်းကာလတွင် အစေးခြစ်ခြင်းလုပ်ငန်းကို ရပ်နားရန်မလိုဘဲ ဆက်လက်လုပ်ဆောင်နိုင်သဖြင့် ရော်ဘာအစေးခြစ်လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကို ပိုမိုတိုးတက်ရရှိစေနိုင်မည် ဖြစ်ပါသည်။

**မိုးကာအုပ်အစေးခြစ်စနစ်အသုံးပြုပါက သတိပြုလိုက်နာရန် အချက်များ**

မိုးကာအုပ်ထားခြင်းကြောင့် ပလတ်စတစ်အောက်တွင် စိုထိုင်းဆမြင့်မားပြီး မှိုရောဂါဖြစ်ပွားလွယ်ပါသည်။ ထို့ကြောင့် အစေးစုသိမ်းပြီးတိုင်း (သို့မဟုတ်) တစ်ပတ်တစ်ကြိမ် မှိုသတ်ဆေး (ဥပမာ- Metalaxyl) ကဲ့သို့သော ဆေးများကို အစေးခြစ်မျက်နှာစာတွင် သုတ်ပေးရပါမည်။

မိုးရွာသွန်းပြီး မိုးရေစိမ့်ဝင်မှု ရှိ မရှိ ပုံမှန်စစ်ဆေးပေးရန်လိုအပ်ပြီး မိုးရေယိုစိမ့်မှုရှိပါက တွင်းထွက်ကတ္တရာ ပြန်သုတ်ပေးရပါမည်။ မိုးစဲ၍ နေပူသောနေ့တွင် ဖြစ်နိုင်ပါက မိုးကာအောက်နားစွန်းကို အပေါ်သို့ အနည်းငယ်လိပ်တင်ပေးခြင်းဖြင့် လေဝင်လေထွက်ရစေပြီး ရောဂါကျရောက်မှုကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

ရောဂါနှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်းအပိုင်းတွင် ဇူလိုင်လ၏ စိုစွတ်သောရာသီဥတုသည် မှိုရောဂါကျရောက်တတ်သော အကောင်းဆုံး အခြေအနေဖြစ်ပါသည်။ ဇူလိုင်လ၏ စိုထိုင်းဆမြင့်မားမှုနှင့် မိုးများမှုများကြောင့် ရော်ဘာပင်များတွင် ဖော်ပြပါ ရောဂါများအဖြစ်များတတ်ပါသည် -

သီးပုပ်ရွက်ကြွေရောဂါ (Phytophthora)မှာ ဇွန်လမှ စက်တင်ဘာလအတွင်း အဖြစ်များပြီး အရွက်ကြွေရောဂါ (Abnormal Leaf Fall))ကို သတိပြုရမည်ဖြစ်ပါသည်။ အဆိုပါ ရောဂါကာကွယ်ရန်အတွက် ဘော်ဒိုးဆေးရည် (သို့မဟုတ်) ကြေးနီဓာတ်ပါဝင်သော မှိုသတ်ဆေးများကို ကြိုတင်ပက်ဖျန်းပေးသင့်ပါသည်။

ပန်းရောင်မှိုရောဂါ (Pink Disease)မှာ အပင်ငယ်များနှင့် ကိုင်းကြားများတွင် အဖြူရောင်/ပန်းနုရောင်မှိုမျှင်များ တွေ့ရတတ်ပါသည်။ ရောဂါရနေသောကိုင်းများကို ဖြတ်တောက်မီးရှို့ပြီး ဘော်ဒိုးဆေးရည် သုတ်ပေးရပါမည်။ အမည်းစင်းရောဂါ(Black Stripe)ကြောင့် အစေးခြစ်မျက်နှာပြင်တွင် အမည်းရောင်အစင်းကြောင်းများ ပေါ်လာပြီး အခေါက်ပုပ်သွားတတ်ပါသည်။ မိုးရွာနေစဉ် အစေးခြစ်ခြင်းကို ရှောင်ကြဉ်ပြီး အစေးခြစ်မျက်နှာပြင်ကို မှိုသတ်ဆေး (ဥပမာ – Metalaxyl ) ပုံမှန်သုတ်ပေးရပါမည်။

အချုပ်အားဖြင့် ရော်ဘာစိုက်ပျိုးခြင်းသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် မိုးရာသီ (ဇူလိုင်လ) အတွင်း စိုက်ခင်းများ ပြုစုထိန်းသိမ်းခြင်း၊ အာဟာရဓာတ်ဖြည့်တင်းခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ခြင်းများ အထူးဂရုပြု ဆောင်ရွက်ရန် လိုအပ်ပါသည်။ မှိုရောဂါများကို အထူးဂရုပြုကာ စိုက်ခင်းသန့်ရှင်းရေးနှင့် ရေနုတ်မြောင်းစနစ်များကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ရော်ဘာပင်များ ကျန်းမာစွာ ကြီးထွားစေပြီး ရေရှည်တွင် အထွက်နှုန်းကောင်းမွန်နိုင်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိုးရာသီကာလတွင် အစေးခြစ်ရပ်နားခြင်းမပြုဘဲ Rain Guard Tapping (မိုးကာအုပ်အစေးခြစ်စနစ်) ကို စနစ်တကျတပ်ဆင်အသုံးပြုခြင်းဖြင့် ရော်ဘာစိုက်တောင်သူများအနေဖြင့် အထွက်တိုး၊ ဝင်ငွေ တိုးတက်ကောင်းမွန်ကာ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဒဂုံအရှေ့ပိုင်းမြို့နယ်၌ မတူပီချင်းရိုးရာ ခိုသူးပွဲ(ခေါ်)ကောက်သစ်စားပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းမြို့နယ်၌ ချင်းစုံညီစာပေနှင့်



ယဉ်ကျေးမှုကော်မတီ မတူပီမြို့နယ်အသင်း ချင်းတိုင်းရင်းသားများမှ ဦးဆောင်ကျင်းပသော မတူပီချင်းရိုးရာ ခိုသူးပွဲ(ခေါ်)ကောက်သစ်စားပွဲကို ယမန်နေ့နံနက်ပိုင်းက ဒဂုံအရှေ့ပိုင်းမြို့နယ် ချင်းဘုရားရှိခိုးကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်ဝင်းတို့ တက်ရောက်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက အမှာစကားပြောကြားကာ တက်ရောက်လာသည့် ချင်းတိုင်းရင်းသားများက ချင်းရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပွဲကျင်းပရေးကော်မတီထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မေစံပယ်စိုးမိုး**

## ရန်ကင်းမြို့နယ်၌ အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တက်ရောက်နိုင်ရေး အခွင့်အလမ်းနှင့် အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ Grade-10 ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တက်ရောက်နိုင်ရေး အခွင့်အလမ်းနှင့် အသိပညာပေး



ဟောပြောပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ ရန်ကင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သီတာစံက အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၏ သင်ကြားရေးစနစ်၊ ဝင်ခွင့်သတ်မှတ်ချက်များ၊ ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

## မိုင်းတုံမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

မိုင်းတုံ ဇူလိုင် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးဝင်းရှိ အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်မိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိဦးစည်သူမျိုးမျိုးလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်း



အစီအမံများကို ရှင်းလင်းသည်။ အဆိုပါသင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်

လှိုင်းလင် ဇူလိုင် ၁၂

လှိုင်းလင်မြို့နယ် အထွေထွေ



အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာ ဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်စန္ဒာသော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၉ ရက်မှ ၁၀ ရက်အထိ မြို့နယ်ဥပဒေအရာရှိ ဦးထွန်းနေဝန်းနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးစိုင်းရဲဝံ့သူတို့က ဥပဒေများ၊ နည်းဥပဒေဆိုင်ရာ အကြောင်းအရာများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သင်တန်းသား ၂၇ ဦးတို့အား ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။ **အယ်မင်း(လှိုင်းလင်)**

## မအူပင်မြို့၌ တောင်သူများအား သွင်းအားစုပေးအပ်

မအူပင် ဇူလိုင် ၁၂

မအူပင်မြို့၌ တောင်သူများအား သွင်းအားစုပေးအပ်ပွဲနှင့် သဘောတူစာချုပ်ချုပ်ဆိုပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးမိုးအောင်က Rice Export Zone စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Si Pwar Trading Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာက



Exporter Company အနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြီး တာဝန်ရှိသူများက တောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့နယ်၌ သဲနုန်းတူးဖော်ခြင်း၊ ချောင်းပေါင်ဆင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ကျိုင်းတုံ ဇူလိုင် ၁၂

ကျိုင်းတုံမြို့နယ်၌ နမ့်ခင်ချောင်း၊ နမ့်ဟတ်ချောင်း၊ နမ့်လပ်ချောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှု လျော့ပါးရေးအတွက် သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းပေါင်ဆင့်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်က မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်သည်။

ထိုသို့ချောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ချောင်းများအနီးရှိ ရပ်ကွက်၊ ကျေးရွာများနှင့် လယ်ယာမြေများ ရေကြီးရေလျှံမှုများ လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဟွမ်နွဲ့၊ ဒေါ်နန်းနော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## ပုလောမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ပုလော ဇူလိုင် ၁၂

ပုလောမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့နံနက်ပိုင်းက မြို့ဦးကျောင်းတိုက်၌ ဆောင်ရွက်ရာ ပုလောမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၂၀ ခန့်ဖြင့် မြို့ဦးကျောင်းတိုက်အတွင်း/အပြင်၊ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဂြိုဟ်ရှစ်လုံးဘုရား တည်ထားကိုးကွယ်ရန် မြေသယ်ခြင်းလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပန်းတောင်းမြို့၌ စားအုန်းဆီအရောင်းဆိုင်များ စစ်ဆေး

ပန်းတောင်း ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချမှုရှိစေရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဇူလိုင် ၁၀ ရက်က ပန်းတောင်းမြို့ပေါ်ရှိ စားအုန်းဆီလက်လီလက်ကား အရောင်းဆိုင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။**လပြည့်လင်း(ပြန်/ဆက်)**



## ကျွန်းစုမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

ကျွန်းစု ဇူလိုင် ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၀ ရက်က ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု အထက-ကတ္တလူကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအသီးသီးက ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများက ကျေးရွာရှိ ကျောင်းဆောင်၊ လမ်းနှင့် တံတားဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။ **ထက်မြင့်(ကျွန်းစု)**



ပင်းတယမြို့နယ်၌ မြို့နယ်ဥပဒေရုံးမှ ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက်က ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝေဝေဖြိုးက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

အောင်ကိုဦး(ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်အတွင်းရှိ ဆိုလာစနစ်ရေတင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပွင့်ဖြူ ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဆိုလာစနစ်ရေတင်စီမံကိန်းလုပ်ငန်းများအား ဇူလိုင် ၁၀ ရက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စုရှိ ဆိုလာရေတင်စနစ်မှ စိုက်ပျိုးရေဖြန့်ဝေပေးမည့် မင်္ဂလာမြောင်း ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများကို တွေ့ဆုံကာ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေသည့် လယ်မြေ ဧက ၆၀၀ ပေါ်တွင် တောင်သူများအနေဖြင့် စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန်နှင့် သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဒလ-တွံတေး ကားလမ်းရှိ ဘုရားငုတ်တိုလမ်းဆုံတွင် ဇူလိုင် ၁၀ ရက်က ဘေးတွဲမောင်းနှင်သူ/အိုးဝေမောင်းနှင်သူများအား ယာဉ်ထိန်းတပ်ဖွဲ့စု(၅၇)မှ တွံတေးတပ်ဖွဲ့စုမှူး ဒုရဲမှူးပြည်စိုးနှင့် တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း/လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်စဉ်။ မျိုးလှိုင်(တွံတေး)

## လုပ်ငန်းခွင်(ပြင်ပ) ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

တောင်ငူ ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်



မှတ်ပုံတင်ထားသော Delicious Food Limited Co.,Ltd. မှ အာမခံအလုပ်သမား ဦးသက်ဇော်မြင့်၏ လုပ်ငန်းခွင်(ပြင်ပ) ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့က ရေတာရှည်မြို့နယ် Delicious Food Limited Co., Ltd. အမှတ်(၆) သကြားစက်အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံအရာရှိက ဦးသက်ဇော်မြင့်၏ လုပ်ငန်းခွင်(ပြင်ပ) ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၈၆၄၀၀၀၀ အား ၎င်း၏ဇနီးဖြစ်သူ ဒေါ်မိုးမိုးဝင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)



၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမရရှိခဲ့သော မစုမြတ်အောင်အား ဇူလိုင် ၁၀ ရက်က ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့် အလှူရှင်များက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ပခုက္ကူ ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်နှင့် ဝန်ထမ်းများက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇူလိုင် ၉ ရက်မှ ၁၁ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး



ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၅၉ ဦးထံ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ ဘာမီသာ(ပခုက္ကူ)



ဖြူးမြို့နယ်၌ မြို့နယ်စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များက ဇူလိုင် ၁၀ ရက်တွင် မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်းရှိ စားအုန်းဆီ လက်လီ/လက်ကား အရောင်းဆိုင်များကို စားအုန်းဆီများရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်သတ်မှတ်ပမာဏအတိုင်း ရောင်းချမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



## မိုင်းယောင်းမြို့၌ ဥပဒေဆရာဖြစ် သင်တန်းဆင်းပွဲ ကျင်းပ

မိုင်းယောင်း ဇူလိုင် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ ဇူလိုင် ၁၂ ရက်က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေအရာရှိ ဦးသက်ဘုန်းဝေနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ မြို့နယ်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ သုခမင်္ဂလာရွေ့လျားဆေးကုသရေးယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဇူလိုင် ၁၀ ရက်က အမှတ်(၆)ရပ်ကွက်(၁၅)လမ်းရှိ ကုန်တင်ကုန်ချကော်မတီရုံး၌ ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ရဲကိုမောင်(ပြန်/ဆက်)

## ဇေယျာဝတီမြို့နေပြည်သူများအား နယ်လှည့်ကွင်းဆင်းဆေးကုသပေး

ဖြူး ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ဇူလိုင် ၁၁ ရက်တွင် စတင်ကာ ဇေယျာဝတီမြို့ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူများအား နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ထိုသို့ ကုသပေးရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မိုး ဦးဆောင်၍ အထွေထွေရောဂါကု သမားတော်၊ ကလေးအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ အရိုးအကြောအထူးကု၊ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီး



များက ပြည်သူ ၃၀၆ ဦးအား ဆေးကုသပေးနေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်၌ ခွဲတမ်းရစားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော လက်ကား ကိုယ်စားလှယ် သုံးဦး၊ လက်လီအရောင်းကိုယ်စားလှယ် ၄၁ ဦးတို့၏ အရောင်းဆိုင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနအဖွဲ့က ဇူလိုင် ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ စိုးထက်ကျော်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းညွန့်နှင့် ရပ်ကွက်နေပြည်သူများ ပျိုးပင် ၃၇၅ ပင် စုပေါင်းစိုက်ပျိုးစဉ်။

မောင်မျိုးမင်း(ပြန်/ဆက်)



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)
## ဒုတိယအကြိမ်ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၆-၂၀၂၇ခု (ဧပြီလမှ မတ်လ)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Ready Mix Concrete ဝယ်ယူခြင်းနှင့် AC Plant ၏ Spare Parts ပစ္စည်းများ ဝယ်ယူသွားမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) ဒုတိယအကြိမ်တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက်နှင့် ပိတ်သိမ်းမည့်နေ့ရက်** - (၁၃-၇-၂၀၂၆)ရက်မှ (၂၇ ၇-၂၀၂၆)အထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေ့ရက်နှင့် အချိန်** - (၂၈-၇-၂၀၂၆)ရက် နံနက်(၉:၃၀)မှ(၁၆:၃၀)နာရီ

(ဂ) **တင်ဒါတစ်စောင်ဈေးနှုန်း** - ၁၀၀၀၀/- နှုန်း

၂။ ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းမည့် ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန် နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း ၀၉- ၄၃၁၈၁၂၈၁၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ ဗိုလ်ဇော်ဂျီလမ်း၊ မြေကွက်အမှတ်(၆၁၂/က)၊ ဒေါ်နွယ်နီဝင်း(၈/ရနခ(နိုင်)၀၀၁၇၂၈) .၂၀၂၄၀၃၆၂၁၇/၂၀၂၄) နှစ်(၆၀)ဂရန်မူရင်း အမည်ပေါက်(၄၀ x ၆၀)ပေ၊ (၀.၀၅၅) ဧက မြေကွက်မှ နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ၎င်းသာလျှင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးဌေးဝင်း ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်အေးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံ သော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ် ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်အေး ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉၄၄၀၉၈၆၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ လယ်ပြင်မကျေးရွာနေ ဦးတင်နိုင်ဦး (ဘ) ဦးကြည်မြိုင်(၈/မတန(နိုင်)၀၅၅၇၆၈)၊ ဒေါ်ယမင်းစု(ဘ) ဦးတင်ဝင်း (၉/တကန (နိုင်)၁၇၇၆၂၀)ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိ စေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ ရေချမ်းအိုးရွာ(မ)၊ ကွင်းအမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၅၉)၊ မြေယာအမှတ်(၉)၊ မြေအကျယ်အဝန်း(၅၆ x ၆၂)ပေမှခွဲ၍ အကျယ်အဝန်း(၂၁.၆ x ၅၇)ပေရှိမြေကို အရပ်ကတိဆက်စပ်စာချုပ်များအရ ဦးခင်ဇော်ဦး(၅/ကသန(နိုင်) ၀၇၉၉၀၃)ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်ထားသည့်မြေဖြစ်ကြောင်း၊ ၎င်းမှရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်နိုင်ဦး၊ ဒေါ်ယမင်းစုတို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| **ဦးတင်နိုင်ဦး** | **ဒေါ်နော်ဆာဝါးထူး(LL.B)(D.I.L)စဉ် (၁၃၈၁၅)၊** |
| **ဒေါ်ယမင်းစု** | **တရားလွှတ်တော်ရှေ့နေ** |
| | **ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်၊ ရပ်ကွက်ကြီး(၈)၊** |
| | **ပြင်ဦးလွင်မြို့၊ ဖုန်း - ၀၉-၄၀၂၅၁၀၈၁၈** |

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊အကွက်အမှတ်(RA-III)၊ ကွက်ပြင်(၃)၊ ဦးပိုင်အမှတ်(၇၁-က)၊ မြေဧရိယာ(၀.၅၃)ဧကမှာ ဦးကျော်ဦး အမည်ပေါက်ပါသည်။ အဆိုပါ ဦးပိုင်အမှတ် (၇၁-က)၊ မြေဧရိယာ(၀.၅၃)ဧကအနက်မှ ခွဲစိတ်၍မြေပုံခဲနီ အမှတ်အသားအရ တောင်ဘက်ခြမ်းဧရိယာ (၀.၁၉၅)ဧကကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၆၈/၂၀၂၁)ဖြင့်ဝယ်ယူလက်ရှိပိုင်ဆိုင်နေထိုင်သူများဖြစ်သည့် ဒေါ်နန်းစံ ဆိုင်နှင့် ဦးမြဝင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါကပိုင် ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးစန္ဒာလှဲ LL.B** | **ဒေါ်အေးစုမွန် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၈၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၂)** |

**(ရုံးခန်း)အမှတ်(၁၄၈)၊ ၃၂လမ်း၊ ၈၀x၈၁လမ်းကြား ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၇၆၉၄၇၊ ၀၉-၄၃၁၆၂၈၃၂ ၊ ၀၉-၄၀၂၅၅၃၃၂၉**

## မှတ်ပုံတင်ပိုးသတ်ဆေး လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ **Bayer AG** မှမြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါမျိုးသတ်ဆေးအား ပြည်တွင်း မူလဖြန့်ချိသူ **Myanma Gloden Farm Co., Ltd.** မှ **Coral Agri Trading Co., Ltd.** သို့ ပြောင်းလဲ ဖြန့် ဖြူးသွားမည်ဖြစ်ပါသည်။ ထို ပြောင်းလဲ ခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာ အပ်ပါသည်။

| Trade Name | A.I | Reg. Type | Reg. No. |
|---|---|---|---|
| Moon Sensation | Fluopyram 250g/l + Trifloxystrobin 250g/l SC | Full | F2023-2344 |

**Bayer Thai Co., Ltd. (Myanmar Branch)- PH :01-8382710**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ထွန်း ၁၂/တကန(နိုင်)၀၀၁၈၇၇ ပိုင်ဆိုင်သော ယာဉ် အမှတ် 4E/5120, CNG ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက် ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား နိုင်ပါသည်။

ဖုန်း-၀၉-၄၂၀၀၃၆၉၇၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ထွန်း ၁၂/တကန(နိုင်)၀၀၁၈၇၇ ပိုင်ဆိုင်သော ယာဉ် အမှတ် 6A/2208, CNG ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက် ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား နိုင်ပါသည်။

ဖုန်း-၀၉-၄၂၀၀၃၆၉၇၉

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 40W/25138 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ ကွင်းအမှတ်(၃၆/၁၊ ဝက်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၁၇)၊ မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိမြေကွက်အား မူလကဦး လှထွန်း အမည်ဖြင့်(၃၀-၆-၂၀၂၁)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၂-၈-၂၀၁၄)ရက်တွင် ဂရန်အမည်ပေါက်ဦးလှထွန်းနှင့် ၎င်း၏ဇနီး ဒေါ်စိန်မြတို့(၂) ဦးထံမှ ဦးသက်ထွန်းက နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ် ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးသက်ထွန်း၊ ၅/ကဘလ(နိုင်)၀၁၂၅၅၉ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ် သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်မဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာ ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန် ကြားချက်များနှင့်အညီ ဂရန်ထုတ် ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိ စေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၃)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၁၄၆၈/ ဝမ်းတွင်းမြို့မ၊ ဦးပိုင် အမှတ်၊ ၂၄/၁၂၈၊ မြေကွက်အမှတ်၊ ၁၈၀/၄၃၈၊ မြေဧရိယာ ၀.၁၀၉ ဧကရှိ မြေကွက်သည် မြို့မြေ အတွင်းပါဝင်ပြီး ဝမ်းတွင်းမြို့နယ်တရားမကြီးမှု အမှတ်၊ ၁၃/၂၀၁၆အရ ဦးအောင်သိန်း(ခ)ဦးခင်မောင်ဦး+ ဒေါ်ကြီးကြီးမြင့်တို့မှ အမွေပုံပစ္စည်းစီမံခန့်ခွဲမှုအရ အမွေဆက်ခံခွင့်ရရှိခဲ့ပါသည်။ ဦးအောင်သိန်း(ခ) ဦးခင်မောင်ဦးသည်၁၄-၅-၂၀၁၇ရက်နေ့တွင်ကွယ်လွန်သွားပြီးနောက် ဒေါ်ကြီးကြီး မြင့် တွင် နောက်ထပ်အိမ်ထောင်မရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းသစ္စာကျိန်ဆို ခဲ့ပါသည်။ ဒေါ်ကြီးကြီးမြင့်၊ ၉/ဝတန(နိုင်)၀၀၁၁၁၀ မှ မြေငှားဂရန်အသစ် လျှောက် ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား များနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ဝမ်းတွင်းမြို့၊ သဲတော(၂)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၆/ခ-သဲတော တောင်ရပ်၊ ဦးပိုင်အမှတ်၊ ၈/ခ၊ မြေကွက်အမှတ်၊ ၁၆၊ မြေဧရိယာ ၀.၁၉၀ ဧကရှိ မြေကွက်သည် ဦးမာဒင်၊ ဒေါ်ကောင်းကြွယ် အမည်ဖြင့် ၂၅-၄-၂၀၂၆ ရက်အထိ (၃၀) နှစ် မြေငှားဂရန်ရရှိထားပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမာဒင်နှင့် ဒေါ်ကောင်းကြွယ်တို့သည် တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပါသည်။ ဒေါ်ကောင်း ကြွယ် သည် ၅-၅-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ပါသည်။ ဒေါ်ကောင်းကြွယ် ကွယ်လွန်ပြီးနောက် ဦးမာဒင်တွင် နောက်အိမ်ထောင်မရှိသည်မှာ မှန်ကန်ပါ ကြောင်း ဦးမာဒင်မှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးမာဒင်၊ ၉/ဝတန(နိုင်)၀၀၂၃၈၈ မှ မြေငှားဂရန် အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှု နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက် အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူ မရှိပါက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဗိုလ်စောနောင်လမ်း၊ မြေကွက်အမှတ် (၉၄၈)၊ မြေအကျယ်အဝန်း(၀.၀၅၆)ဧကရှိ ဦးခင်မောင်(PLE-၀၀၉၄၃၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော(ခြေရင်းခြမ်း)(၂၀.၅ x ၆၀)ပေရှိ ဂရန်(မိတ္တူခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားဦးခင်မောင်အမည်ပေါက်နှစ်(၆၀)ဂရန်မူရင်း၊ နှစ်ဦးသဘောတူအရောင်း အဝယ်ကတိစာချုပ်အဆက်ဆက်မူရင်းများနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဗထူးအောင်(၁၁/မပန(နိုင်)၀၀၁၆၆၀)မှ အရှုပ်အရှင်းကင်းစွာလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ရန်ဆွေရှိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဒေဝီ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၄၃၁/၂၀၂၀)     ဒေါ်ကြည်ဖြူသန့်(LL.B)အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၁/၂၀၂၀)**
**အမှတ်(၉၁၃)၊ရေသန့်လမ်း၊(၁၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့ နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉ ၇၉၃၀၆၀၅၀၈၊ ၀၉၉၆၇၆၂၆၈၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၁၀၁၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့် သိန်း ၁၀/မဒန(နိုင်)၂၁၂၈၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော် ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၂၁၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးမွန်ချမ်း ၁၀/ကမရ(နိုင်)၁၂၁၂၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၃၁၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိန် ၁၀/မဒန(နိုင်) ၂၁၇၉၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၃၉၁၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8605 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/13443 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မိခင်အမည်မှန်

လားရှိုးမြို့ ၊ အ.ထ.က (၉)၊ Grade(12) တွင် ပညာသင်ကြားနေသော မယေ့ပန်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးခမ်း ဖြစ်ပါသည်။

**ဒေါ်အေးခမ်း**

## ဖခင်အမည်မှန်

အိမ်မဲမြို့၊ အထက(၂) အိမ်မဲ၊ Grade-12 မှ မောင်ကျော်ဇင်သန့် ၏ ဖခင်အမည်မှန်မှာ ဦးကာဆင် (၁၄/အမန(နိုင်) ၀၁၁၅၈၀) ဖြစ်ပါကြောင်း။

**ဦးကာဆင်**

## အလိမ္မာ စာမှာရှိ

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ - ၆၆)**

**မင်္ဂလာဒုံခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၅၃**

ဦးနေလွမ်းကိုကို နှင့် ၁။ ဦးသက်နိုင်ဦး
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်အိရွှေစင်
ဒေါ်သီတာစိုး)
(ဒီကရီရရှိသူ) (တရားရှုံးများ)

မရမ်းကုန်းခရိုင်တရားရုံးတော်၊ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၊ (၁၄) ရက် နံနက် (၁၀) နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အောင်မေတ္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ်-၂၃၁၁ /ခ ဟုခေါ်တွင်သော အကျယ်အဝန်း(အလျားပေ ၂၀ x အနံ ပေ ၆၀) ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၃၁၁/ခ၊ အောင်မေတ္တာလမ်း၊ ၁၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ် တွင်သည့်နေအိမ်။

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၂၅၀၀) တိတိ။**

**(ကျပ်သိန်းနှစ်ထောင့်ငါးရာ တိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်-၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမ ရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ ( ၇ ) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဖြူဖြူအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၁၁၊ ဦးပိုင်အမှတ် ၈၄၊ ၁၁၀လမ်း၊ ၆၉X၇၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေဟန် ၉/ခမစ(နိုင်)၀၀၆၄၁၇ ၏အထူးကိုယ်စားလှယ်လွှဲ စာအမှတ်(၁၂၃၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စိုးစိုးဦး ၅/ကလန(နိုင်)၀၇၄၀၇၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/5237, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဗိုလ်ဟိန်း ၁၄/အမန(နိုင်)၀၉၁၁၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/22064, Suzuki Sky Wave 250 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းဦး ၁၄/ပသန(နိုင်) ၂၅၉၄၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ကျိုက်မရောမြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးအမှုအမှတ် -၁**

ဒေါ်ဂျနက်ဘီ နှင့် ၁။ ဒေါ်အာစမာဘီ ၂။ ဖရီဒါ
၃။ ခိုင်ရွှန်ဘီ ၄။ ဘာနူး
၅။ ဇိုင်နာဘီ ၆။ အူစမန်
၇။ အီဘရာဟင် ၈။ ဂိုစီရာဘီ
(တရားလို) (တရားပြိုင်များ)

ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာနေ ဦးအီဘရာဟင်(ဘ) ဦးအူစမန် (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဂျနက်ဘီက ဆုံးရှုံးနစ်နာငွေ (၁၅၉၄၀၀၀ဝိ/-)ကျပ်၊ (တစ်ဆယ့်ငါးသိန်းကိုးသောင်းလေးထောင်ကျပ်)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆-ခုနှစ်၊ ဩဂုတ် လ၊ ၇ ရက် (၁၃၈၈-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၉ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချောချောချစ်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျိုက်မရောမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မောင်ရှင်းပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးဘိုလ်ဘိုလ်ဆန်း ၈/မသန(နိုင်)၀၆၀၄၄၇ ဖြစ်ပါကြောင်း။ **ဦးဘိုလ်ဘိုလ်ဆန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့၊ အထက(၁) ကျောင်း ဆဋ္ဌမတန်း(B)မှ မောင်ဝေယံနိုင်၏ဖခင် ဦးငွေအောင်နှင့် မိခင်အမည်မှန်မှာ ဒေါ်ကေးကေ(ခ)ဒေါ်ကေခိုင်မိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကေးကေ(ခ)ဒေါ်ကေခိုင်မိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ဒ-၉၊ ဦးပိုင်အမှတ် (၇၀-က/၃၉X၄၀လမ်းကြား၊ ၆၄X၆၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မိုးစန္ဒာ ၉/စကတ(နိုင်)၀၃၆၀၇၅ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၃၁၄)၊ ဧရိယာ(၀.၀၉၆)ဧကရှိမြေငှား ဂရန်အမှုတွဲအမှတ် ၃၅၃- ၅ /၂၀၁၉-၂၀၂၀(စီ)၊ ဗိုလ်ကြီးမြင့်သူ ၁၂/ကခက(နိုင်)၀၅၃၄၈၂ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်းတို့၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မြသန္တာ ၁၃/သပန(နိုင်)၀၂၉၁၁၉မှ စာချုပ်အမှတ်(၁၈၄၊/၂၀၂၆)ဖြင့်ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်အေးထွေး ၉/မကန(နိုင်)၀၆၀၅၆၀ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်အေးထွေးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၀၄၅)၊ ဧရိယာ (၀.၀၉၆)ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၁၄၁၃-၅/၂၀၀၈-၂၀၀၉(စီ)၊ ဦးကိုမောင် ၁၃/သပန(နိုင်)၀၀၇၅၈၃ အမည်ပေါက်ပိုင်ဆိုင်ပြီး အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်အေးမီး(ခ)မနန်းငန်း ၁၃/လရန(နိုင်)၀၆၅၈၂၆မှ ဧရိယာ(၀.၀၉၆)ကေအနက် (၀.၀၄၈)ကေအား ဒေါ်နန်းရင်ပေါင်း ၁၃/လရန(နိုင်)၁၁၆၈၇၅ထံသို့ စာချုပ်အမှတ်(၁၇၂၊/၂၀၂၆) ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဒေါ်နန်းရင်ပေါင်းမှ ဦးပိုင်ခွဲ စိတ်ခွင့်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဒေါ်နန်းရင်ပေါင်းမှဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊အကွက်အမှတ် (ဟော်လေးလုံးကွက်)၊ ဦးပိုင်အမှတ်(၁၁၁)၊ ဧရိယာ (၀.၁၁၀)ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၁၂၅၂-၅/၂၀၁၈-၂၀၁၉(စီ)၊ ဦးခင်မောင်အေး ၁၃/လရန(နိုင်)၀၁၉၇၀၂ အမည်ပေါက် ပိုင်ဆိုင်ပြီး အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ချမ်းငြိမ့်သော် ၁၃/လရန(နိုင်)၀၉၁၃၂၉ မှဧရိယာ(၀.၁၁၀)ကေအနက်(၀.၀၅၅)ကေအားဒေါ်နန်းအေးရွှေ ၁၃/တယန(နိုင်)၀၅၂၄၈၂ထံသို့ စာချုပ်အမှတ်(၂၄၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဒေါ်နန်းအေးရွှေမှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ(၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဒေါ်နန်းအေးရွှေမှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် (၅)**

**တောင်ကြီးမြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၆**

၁။ ဦးခင်ဇော် နှင့် ဒေါ်ကြွယ်
၂။ ဒေါ်ခင်မြချို
(တရားလိုများ) (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်၊ သစ်ပင်ထောင်လမ်းနေ ဒေါ်ကြွယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်ဇော်နှင့် ဒေါ်ခင်မြချိုတို့က "မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အ တူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်လိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းအောင်မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/7957 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၆၅၅၃၈, Zong Shen -110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၉/မနတ(နိုင်)၀၉၇၆၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၇/၂က)၊မြေဧရိယာ(၀.၈၆၉)ဧကရှိမြေကွက်သည်မူလက ဦးဒီမုန်ဇက်အောင်အမည်ဖြင့် (၆-၈-၂၀၅၂) ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဦးဒီမုန်ဇက်အောင်ထံမှ ဦးပိုင်(၇/၂ စ)၊မြေဧရိယာ(၀.၃၈၄)ကေအပိုင်းကို ဒေါ်ဇီမာဝူး က(၁၁-၂-၂၀၂၆)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၅၂/၂၀၂၆)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်ဇီမာဝူး ၁/ဝမန(နိုင်)၀၅၃၆၂၃ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ် (၂၉၁)၊ (၈၅) ရပ်ကွက်၊ ဦးမျိုးမြင့်(၁၂/ဗဟန(နိုင်)၀၄၁၀၉၂) အမည်ပေါက် ပါမစ်မြေကွက်၊ အကျယ်အဝန်း (ပေ၄၀x ပေ၆၀)အနက်မှတရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း (ပေ၂၀xပေ၆၀) (မြေကွက်အမှတ် ၂၉၂ နှင့် ကပ်လျက်ဘက်အခြမ်း) မြေကွက်အား လက်ဝယ်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သဇင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်သူ မရှိပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်မေမြတ် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၁၈၇၀)**
**အမှတ် (၁၄)၊ မလိခလမ်း၊ (၁၈/ဘီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၇၈၅၈၁၂၂၁၁၊ ၀၉၇၉၉၈၅၃၃၁၉**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ နတ်မော်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၁၅၁၆)၊ နတ်မော်ကွင်း၊ ဦးပိုင်အမှတ် (၁က)၊ ဧရိယာ (၀.၅၁) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

အရှေ့လားသော်-ဦးပိုင်အမှတ် (၄)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၁ခ)၊ တောင်လားသော်-ဦးပိုင်(၁က)ကျန်မြေ၊ မြောက်လားသော်-ဦးပိုင်(၁က) ကျန်မြေတို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်ရင်သန်းမှ လျှောက်ထားလာသည့် အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့် တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/35487, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၇/ပတတ(နိုင်)၀၅၂၄၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ မြဝတီရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ လသာအေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၉၃-တ)၊ ကွင်းအမည်-ကျွဲတဲကုန်းကွင်း၊မြေကွက်အမှတ်(၂+၃၄)အနက်မှတရားဝင်မခွဲစိပ်ရသေးသော အမှတ်(၁၇-က)၊ဟုခေါ်တွင်သောဧရိယာအကျယ်ဝန်း(ပေ၂၀xပေ၆၀)ရှိသောမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းကတိပြုဝန်ခံပြောဆိုသူဒေါ်အေးစန္ဒီဇွန်(၆/ထဝန (နိုင်) ၁၅၅၆၇၈) +၁ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်ပိုင်မှူး (၁၄/ဗဟန(နိုင်)၁၀၆၇၄၃) ကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လှဲ့လှဲ့ကြည်(LL.B)** | **ဒေါ်နီနီဇော်(LL.B,DBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၇)** |

**အမှတ်(၃၉)၊မာန်ပြေ(၆)လမ်းအရှေ့၊(၃)ရပ်ကွက်၊သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၆၈၁၄၄၈၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6K/5444, DAIHATSU HIJET -P/U ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၅/ကဘလ(နိုင်)၀၇၃၃၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)**
**ရွှေဘိုမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၁နှင့်၅ )
သဃ်န်းကျွန်းခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၅

| | | | |
|---|---|---|---|
| ဆရီကရစ္စနာ(ဟိန္ဒူ)ဘုရားကျောင်း (ဘုရားကျောင်း ဂေါပကအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူ ဦးဇင်ကိုဟိန်း) | နှင့် | ၁။ ဒေါ်စန္ဒာ<br>၂။ ဒေါ်သန်းတင်<br>၃။ ဒေါ်မြင့်ချို<br>၄။ ဒေါ်မြင့်ကြည် (ခ)ဒေါ်မြင့်မော် | ၅။ ဒေါ်ဆွေဆွေဝင်း<br>၆။ ဦးဗွီယာဆာမိ<br>၇။ ဦးဇော်လွင်<br>၈။ ဦးဌေးညွန့် |
| တရားလို | | တရားပြိုင်များ | |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မင်္ဂလာလမ်းနှင့် ဦးဖေသင်လမ်းထောင့်၊ အမှတ် (၁၈) ရပ်နေ တရားပြိုင် (၁) ဒေါ်စန္ဒာ ၊ တရားပြိုင် (၈) ဦးဌေးညွန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ စိန်ဂျိုးဇက်သီလရှင်ကျောင်း ရပ်နေ တရားပြိုင် (၂) ဒေါ်သန်းတင် (၃)ဒေါ်မြင့်ချို၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် (၆) ရပ်နေ တရားပြိုင် (၄) ဒေါ်မြင့်ကြည်(ခ)ဒေါ်မြင့်မော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၇)လမ်း၊ အမှတ် (၂၉)၊ (၃) လွှာရပ်နေ တရားပြိုင် (၅) ဒေါ်ဆွေဆွေဝင်း နှင့် ရန်ကုန်တိုင်းဒေသကြီး ၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၃) ရပ်နေ တရားပြိုင် (၆) ဦးဗွီယာဆာမိ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

